# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၈)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**ရန်ကုန် မတ် ၂၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာကေ၊ နတ်ဝါဆင်းနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာ ရာဂျစ်ကူးမား ဗာတီးယားလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအိန္ဒိယသမ္မတ နိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေ၊ နတ်ဝါ ဆင်းနှင့် အဖွဲ့ဝင်များ နှင့်အတူ မှတ်တမ်း တင် ဓာတ်ပုံရိုက်ကြ စဉ်။ **(သတင်းစဉ်)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**


27-3 (01).p65 1 3/24/05, 11:06 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၂၇ ရက်)

# တပ်မတော်၏ အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်း ပြည်သူ့ရှေ့က အစဉ်ထာဝရ မားမားမတ်မတ် ရပ်တည်

၂၀၀၅ ခုနှစ် မတ်လ ၂၇ရက်နေ့ **(ယနေ့)**သည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ဖြစ်သည်။

မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲရင်း အမျိုးသားလွတ်မြောက်ရေး အတွက် ကြိုးပမ်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ မြန်မာ့တပ်မတော်သည် သမိုင်းပေးလိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့ရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထားရသည့် ဖက်ဆစ်တော်လှန်ရေးကို ပြည်သူလူထုနှင့်အတူ လက်တွဲဆင်နွှဲခဲ့ကြသည်။

ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ် စသည်ဖြင့်ဖွဲ့စည်းလာခဲ့သည့် တပ်မတော်သည် စနစ်တကျဖွဲ့စည်းမှု၊ စနစ်တကျလေ့ကျင့်မှုနှင့် ပြည့်ဝလာပြီး ရန်သူကိုရင်ဆိုင်ယှဉ်ပြိုင် တိုက်ခိုက်နိုင်သောအဆင့်သို့ ရောက်ရှိခဲ့သည်။ မြန်မာတစ်မျိုးသားလုံးကို စည်းရုံးကိုယ်စားပြုနိုင်သောအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲသည့်ကာလမှစ၍ တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကို ကိုယ်စားပြုသည့် အမျိုးသားတပ်မတော်အသွင်ဖြင့် တိုးတက်ပြောင်းလဲရောက်ရှိခဲ့သည်။

တပ်မတော်သည် ပြည်သူလူထုနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး ပြည်သူလူထု၏ အပြည့်အဝထောက်ခံမှုကို ရရှိနေသည့်အတွက် ပြည်သူ့တပ်မတော်အသွင် ဖြစ်ပေါ်ခဲ့သည်။ တပ်မတော်သည် ယုံကြည်ချက်၊ ခံယူချက်အပြည့်အဝဖြင့် နယ်ချဲ့နှင့် ဖက်ဆစ်ကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။

မြန်မာ့တပ်မတော်သည် မျိုးချစ်တပ်မတော်၊ စည်းကမ်းကောင်းသည့်တပ်မတော်၊ သစ္စာရှိသည့်တပ်မတော်၊ စည်းလုံးညီညွတ်သည့်တပ်မတော်၊ စွမ်းရည်ရှိသည့်တပ်မတော်၊ စွန့်လွှတ်စွန့်စားသည့်တပ်မတော်၊ တစ်ဦးချင်း ကိုယ်ကျိုးကိုပဓာနမထားသည့်တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သည့်တပ်မတော်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး စွမ်းရည်သတ္တိရှိသည့်တပ်မတော်၊ အပင်ပန်းအဆင်းရဲ ခံနိုင်သည့်တပ်မတော်၊ ဖွဲ၊ လုံ့လ၊ ဝီရိယရှိသည့်တပ်မတော်၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သည့်တပ်မတော်ဟူသည့် အစဉ်အလာကောင်း (၁၂)ရပ်နှင့် ပြည့်စုံသည့် အမျိုးသားတပ်မတော်ဖြစ်သည်။

တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ပေါက်ဖွားလာသည့်တပ်မတော်ဖြစ်သည်။ လစာ၊ ရိက္ခာ စသည့် မည်သည့်အခွင့်အရေးကိုမျှ မမျှော်မှန်းခဲ့ဘဲ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အသက်ပေးကာကွယ် စောင့်ရှောက်ခဲ့သည့် မျိုးချစ်တပ်မတော်ဖြစ်သည်။

တပ်မတော်သည် စည်းကမ်းကောင်းသည့် တပ်မတော်ဖြစ်ပေရာ စစ်စည်းကမ်းကောင်းမွန်ရေးသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ပင်ဖြစ်သည်။ တပ်မတော်သည် စတင်တည်ထောင်ချိန်ကတည်းက စည်းကမ်းကောင်းခဲ့၍လည်း ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ခြင်း ဖြစ်သည်။

တပ်မတော်သည် သစ္စာလေးချက်ကို အစဉ်ဦးထိပ်ပန်ဆင်ထားသည်။ တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ သစ္စာကို မည်သည့်အခါမျှ မဖောက်ဖျက်ခဲ့ပေ။ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက် ဟူသည့် အချက်ပင်ဖြစ်သည်။ တပ်မတော်သားများသည် မိမိတို့နိုင်ငံတော်၊ မိမိတို့နိုင်ငံသား၊ မိမိတို့တပ်မတော်အတွက် မိမိတို့၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုထားကြသူများလည်းဖြစ်သည်။

တပ်မတော်သည် ပြည်သူလူထုနှင့်လက်တွဲပြီး လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည့်အပြင် ပြည်ပကျူးကျော်မှုများကိုလည်း စစ်ဆင်ရေးများဆင်နွှဲပြီး အမိမြေပေါ်က မောင်းထုတ်ပစ်နိုင်ခဲ့သည်။ ထို့အပြင် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုစနက်ကြောင့် ပြည်တွင်းမငြိမ်မသက်မှု ဖြစ်ပေါ်ခဲ့သည်များကို နှိမ်နင်းနိုင်ခဲ့ပြီး မြို့ပြနှင့် နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ သမိုင်းမော်ကွန်းထွန်းပြောင်ခဲ့သော တပ်မတော်သည် နိုင်ငံတော်၏ ပြည်တွင်းပြည်ပ အန္တရာယ်မှန်သမျှကို ခေတ်အဆက်ဆက်တွင် ပြည်သူ့ရှေ့မှ ရပ်တည်ကာကွယ်နိုင်ခဲ့သည့်အလျောက် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း ပြည်သူ့ရှေ့က အစဉ်ထာဝရ မားမားမတ်မတ်ရပ်တည်သွားမည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

**၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။**

**(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။**

**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။**

**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**

## သစ်ခွဲစက်နှင့် သစ်အချောထည်စက်ရုံများ ဖွင့်ပွဲအခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၆

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၂၅ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒဂုံအရှေ့ပိုင်းစက်မှုဇုန်ရှိ Johnny Brothers Co., Ltd. သစ်ခွဲစက်နှင့် သစ်အချောထည်စက်ရုံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

### လှည့်လည်ကြည့်ရှု

ထို့နောက် စက်ရုံဧည့်ခန်းမ၌ ဝန်ကြီးအား စက်ရုံတာဝန်ခံ ဦးမြင့်သန်းက စက်ရုံက ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ စက်ရုံမှ ခွဲသားများ၊ ပါကေးအမျိုးမျိုး၊ ကြမ်းခင်းပြားများကို ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်သည်။ ဖွင့်ပွဲအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့၏ သစ်အခြေခံစက်မှုနည်းပညာသင်တန်းဌာန အဆောက်အအုံနှင့် သင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သင်တန်းဌာနဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးက သစ်စက်အခြေခံစက်မှု လုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးလျက်ရှိမှုများ၊ ကျွမ်းကျင်လုပ်သားများပေါ်ထွက်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းမှာကြားသည်။ ထို့နောက် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းထံ သင်တန်းဌာန အဆောက်အအုံ ဆောက်လုပ်ခဲ့သော တော်ဝင်ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးကိုကိုထွေးက ဌာနနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက သင်တန်း ကျောင်းဖွင့်လှစ်ခွင့်ပြုမိန့်ကို အသင်းဥက္ကဋ္ဌ ဦးအောင်လွင်သို့ လွှဲပြောင်းပေးအပ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် လှိုင်သာယာစက်မှုဇုန်ရှိ FUDAK Enterprises Co., Ltd. ၏ သစ်ခွဲစက်နှင့် သစ်အချောထည်စက်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီးစက်ရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လိုက်လံကြည့်ရှု၍ **(အပေါ်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဧရာဝတီတံတား (မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

**ရန်ကုန် မတ် ၂၆**

ဧရာဝတီတံတား (မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မတ် ၁၉ ရက်မှ စ၍ မကွေးဘက်တွင် အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့်(၂) အကြားမှ ပြောင်းလဲသတ်မှတ်ထားပြီး အစုန်လမ်းကို လက်ရှိလမ်းကြောင်းအတိုင်း ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှ ပင်ဆက်လက်သတ်မှတ်ပေးထားသည်။

### မီးနီထွန်းပြထား

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၂၂၀ ရှိပြီး ကင်းလွတ် အမြင့်မှာ ၅၅ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



## လက်ခံတွေ့ဆုံ

မတ် ၂၆ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာကေ၊ နတ်ဝါဆင်းနှင့် အဖွဲ့အား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း–ရွှေဖုံး)

(သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငွေဆောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မတ် ၂၆

**ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၁ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက်၁၀နာရီတွင် ပုသိမ်ခရိုင် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိကြသည်။**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ငွေဆောင်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်မြို့ ရဲစခန်းသို့ရောက်ရှိကြရာ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများအား တွေ့ဆုံကာ လိုအပ်သည်များမှာကြားပြီး ရဲစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေရှိ Wood Land Co., Ltd. ၏ Bay of Bengal Resort Hotel သို့ ရောက်ရှိကြသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ မတ် ၂၁ ရက်က ငွေဆောင်မြို့ကမ်းခြေရှိ Bay of Bengal Resort ဟိုတယ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဟိုတယ်ရှင်းလင်းဆောင်၌ Wood Land Co., Ltd. ဒါရိုက်တာ ဦးစစ်သွေးအောင်က ဟိုတယ်၏ တည်နေရာ၊ ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်ချက်များ မေးမြန်းပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် Bay of Bengal Hotel အတွင်း တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် Htoo Resort Hotel တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ Htoo Trading Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးတေဇနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် Htoo Resort Hotel တည်ဆောက်ရေးလုပ်ငန်းအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် Ngwe Saung Beach Hotel သို့ ရောက်ရှိကြပြီး အိပ်ခန်းဆောင်များ တည်ဆောက်ထားရှိမှု၊ Dinning Room တည်ဆောက်နေမှု၊ Conference Hall တည်ဆောက်နေမှု၊ Business Center နှင့် Sovenor Shop တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးရာ ဟိုတယ်အား တာဝန်ယူတည်ဆောက်နေသည့် Htoo Trading Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးတေဇက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်မြို့ ဟိုတယ်ဇုန်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

### ငွေဆောင်ဟိုတယ်ဇုန်

အဆိုပါ ငွေဆောင်ဟိုတယ်ဇုန်သည် မြေဧရိယာ ၃၈၀ဒသမ၄၄ဧက ကျယ်ဝန်းပြီး ဟိုတယ် ၂၂ခုတို့က လူ ၁၄၆၇ဦး တည်းခိုနိုင်သည့် အခန်း ၆၉၉ခန်းပါ အဆောက်အအုံ ၁၉၉လုံး တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။ ဆောက်လုပ်ဆဲ အဆောက်အအုံ ၆၂ လုံးတွင်လည်း အခန်းပေါင်း ၁၉၆ခန်း ပါဝင်မည်ဖြစ်ပြီး လူ ၃၉၈ဦး တည်းခိုနိုင်မည်ဖြစ်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် Yuzana Resort Hotel သို့ ရောက်ရှိကြပြီး ငွေဆောင်မြို့ ဟိုတယ်ဇုန်ရှိ Hotel လုပ်ငန်းရှင်များအား တွေ့ဆုံပြီး ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်သည့် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြား၍ ဟိုတယ်လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် ငွေဆောင်မြို့မှ ပုသိမ်–ငွေဆောင် ကားလမ်းပိုင်း အခြေအနေနှင့် လမ်းပိုင်းပေါ်ရှိ တံတားများကို ကြည့်ရှုစစ်ဆေးပြီး စိန်တောင်–ဂျက်ကာလမ်းမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ချောင်းသာကမ်းခြေသို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၅ခုနှစ်၊ မတ်လအတွက်**

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၇–၃–၂၀၀၅ ရက်နေ့

**၂၀၀၅ခုနှစ်၊ ဧပြီလ အတွက်**

၁၀–၄–၂၀၀၅ ရက်နေ့ နှင့်

၂၄–၄–၂၀၀၅ ရက်နေ့

## သကြၤန်တွင်း အလုပ်ပေးတရားစခန်း

**ရန်ကုန် မတ် ၂၆**

ဗဟန်းမြို့နယ် မြို့မရပ်ကွက် ၃လမ်း ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက်၌ ဧပြီ ၁၃ရက်မှ ၁၇ရက် ညနေ၅နာရီအထိ သကြၤန်တွင်းငါးရက် အလုပ်ပေးတရားစခန်းပွဲကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောပြောပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် တန်ခူးလဆန်း ၄ရက်(ဧပြီ၁၂ရက်) ညနေ ၅နာရီအရောက် လာရောက်ကြရန်ဖြစ်သည်။

တရားစခန်းဝင်ယောဂီများအား အာဟာရဒါနပြုလိုကြသော စေတနာရှင်များသည် တရားစခန်းဖြစ်မြောက်ရေးအဖွဲ့ ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် ဗဟန်း ၃လမ်း ဖုန်း–၃၈၀၅၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ (၂၆)ကြိမ်မြောက် ဗန်ကောက် နိုင်ငံတကာ ကားပြိုင်ပွဲအကြို ခင်းကျင်းပြသရာတွင် ရှေးဟောင်းမာစီးဒီးဘင့်ဇ်ကား ပြသထားသည်ကို မတ် ၂၄ရက်က တွေ့ရစဉ်။ (ယင်းကားပြပွဲကို မတ် ၂၄ရက်မှ ဧပြီ ၃ရက်အထိ ပြသလျက်ရှိသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# ဗီယက်နမ်နှင့်စင်ကာပူ ကုန်သွယ်ရေးတိုးမြှင့်ရန် စင်ကာပူနိုင်ငံတွင် ဗီယက်နမ်ရုံးဖွင့်လှစ်

စင်ကာပူ မတ် ၂၃

**စင်ကာပူတွင် ဗီယက်နမ်ရုံးကို အင်္ဂါနေ့က ဖွင့်လှစ်လိုက်ခြင်းနှင့်အတူ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့၏ ကုန်သွယ်ရေးဆက်ဆံမှုသည် မြင့်မားတိုးတက်လာခဲ့သည်။**

## ထူထောင်သွားမည်

ဟိုချီမင်းစီးတီး၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးတိုးတက်မှုဌာနက စင်ကာပူ၌ ယခုဖွင့်လှစ်လိုက်သောရုံးသည် ပထမဆုံးဖွင့်လှစ်သော နိုင်ငံခြားရုံးဖြစ်သည်။ ဗီယက်နမ်ရုံးသည် အိုင်အီးစင်ကာပူက ပဏာမစီမံခန့်ခွဲမှုသည် အင်တာနေရှင်နယ် အင်တာရိုက်စ်ဟပ်ဘ်၏ တိုက်ရိုက်ပေါ်ထွက်လာသော ရလဒ်ဖြစ်သည်။ အိုင်အီးစင်ကာပူသည် ဟိုချီမင်းကုန်သွယ်ရေးတိုးမြှင့်မှုဌာနနှင့် အနီးကပ်ပူးပေါင်းလျက် ဗီယက်နမ်ရုံးကို ထူထောင်သွားမည်ဖြစ်သည်။

## လက်မှတ်ထိုး

စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့ကြား ထူးခြားသော ဤပူးပေါင်းဆောင်ရွက်မှုအတွက် လမ်းပွင့်စေရန် နားလည်မှုစာချွန်လွှာ ငါးခုကို အင်္ဂါနေ့က လက်မှတ်ရေးထိုးခဲ့သည်။

စင်ကာပူနိုင်ငံသည် ယမန်နှစ်၌ ဗီယက်နမ်၏ထိပ်တန်း ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈ဘီလီယံ ဖိုးရှိခဲ့သည်။

ထို့ပြင် ဗီယက်နမ်သည် စင်ကာပူ၏ ၁၇ခုမြောက်အကြီးမား ဆုံးကုန်သွယ်ဖက်နိုင်ငံ ၂၀၀၄ခုနှစ်၌ ဖြစ်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ ၇ ဒသမ ၇ဘီလီယံထိ တစ်နှစ်လျှင် ၂၈ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ **(အင်တာနက်)**

# တရုတ်နိုင်ငံ၏ ပထမဆုံးမိုဘိုင်းလ်ဖုန်းတီဗွီဇာတ်လမ်း မတ် ၂၇ရက်၌ထုတ်လွှင့်မည်

ပေကျင်း မတ် ၂၄

**မိုဘိုင်းလ်ဖုန်းတွင် ကြည့်ရှုနိုင်သည့် ဇာတ်လမ်းတွဲတစ်ပုဒ်ကို တရုတ်နိုင်ငံက ပထမဆုံးထုတ်လွှင့်မည်ဖြစ်ကြောင်း၊ ယင်းဇာတ်လမ်းတွဲကို မတ် ၂၇ ရက်မှစ၍ စတင်ထုတ်လွှင့်မည်ဖြစ်ကြောင်း ပေကျင်းစတား နေ့စဉ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင်ဖော်ပြသည်။**

အဆိုပါမိုဘိုင်းလ်ဖုန်းတီဗွီဇာတ်လမ်း၏ အမည်မှာ " **ချိန်းဆိုချက်** "ဟု အမည်ပေးထားကြောင်း၊ အပိုင်းငါးပိုင်းပါပြီး တစ်ပိုင်းလျှင်ငါးမိနစ်စီကြာကြောင်း ဖော်ပြထားသည်။ ပေကျင်းအခြေစိုက် လက်ရှိမီဒီယာအုပ်စုက အဆိုပါဇာတ်လမ်းတွဲကို တီထွင်တင်ဆက်ခြင်းဖြစ်ပြီး မိုဘိုင်းလ်ဖုန်းအသုံးပြုသူများ ငြီးငွေ့မှုမှသက်သာစေရန် ဈေးကွက်တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

စိတ်ဝင်စားသောတရုတ်လူငယ်များသည် မိုဘိုင်းလ်ဖုန်းများပေါ်တွင် တီဗွီစောင့်ကြည့်ရန် လိုလားနေကြကြောင်း၊ ဇာတ်လမ်း၏အကြောင်းအရာမှာ မိန်းမချောလေးတစ်ယောက်နှင့်ဆိုင်ကယ်စီးလူငယ်နှစ်ယောက်တို့အကြား အားပြိုင်ထားသည့်အချစ်ဇာတ်လမ်းဖြစ်ကြောင်း အဆိုပါမီဒီယာအုပ်စုမှ တာဝန်ရှိသူလူပြောင်က ထုတ်ဖော်ပြောကြားသည်။

အိုင်အမ်အက်စ်သုတေသနအဖွဲ့က မကြာသေးမီက လေ့လာထုတ်ပြန်ချက်အရ ၂၀၁၀ပြည့်နှစ်တွင် မိုဘိုင်းလ်ဖုန်းများပေါ်၌ သန်း ၁၂၀သော ဖုန်းအသုံးပြုသူများ တီဗွီအစီအစဉ်များကို ကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း ပြောဆိုထားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# နိုင်ငံတကာသတင်းများ

# မလေးရှားနိုင်ငံလုပ် ပရိုတွန်နှင့်ပီရိုဂျူအာ ကားများ ပြည်ပသို့ တင်ပို့ရောင်းချရမှု အားရဖွယ်မရှိဟုဆို

ကွာလာလမ်ပူ မတ် ၂၃

**မလေးရှားနိုင်ငံလုပ် ပရိုတွန်နှင့်ပီရိုဂျူအာ ကားများတင်ပို့ရောင်းချရမှုသည် အားရဖွယ်မရှိကြောင်း နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဒုတိယဝန်ကြီး အာမက်ဟူစနီမိုဟာမက်ဟာနာဇလာကပါလီမန်၌ အင်္ဂါနေ့၌ ပြောကြားလိုက်သည်။**

ပြီးခဲ့သည့်နှစ်၌ ပရိုတွန်ဟိုးလ်ဒင်းဘီအိပ်ချ်ဒီသည် ထုတ်လုပ်သောပရိုတွန်ကားစီးရေ ၁၇၉၇၀၀ အနက်မှ ၆ဒသမ၁ ရာခိုင်နှုန်းကိုတင်ပို့ရောင်းချခဲ့ရပြီး ထိုအခိုက်တွင် ပီရိုဂျူအာ ကားကို စုစုပေါင်းထုတ်လုပ်သည့်စီးရေ ၁၂၅၈၂၀ အနက်မှ ၁ဒသမ ၇ရာခိုင်နှုန်းကိုသာ ရောင်းချခဲ့ရသည်။

ပြည်တွင်းကားထုတ်လုပ်သူများသည် ထုတ်လုပ်သည့်ကားများကို ပြည်ပသို့မည်သည့်အတွက်ကြောင့်ပို့မရောင်းချသည်ဆိုခြင်းကို ဒုတိယဝန်ကြီးချုပ်က ပြောကြားခြင်းမရှိဟုဆိုသည်။ မလေးရှားနိုင်ငံတွင် ပြည်တွင်းကားထုတ်လုပ်သူများသည် နိုင်ငံခြားပြိုင်ဘက်များနှင့်ကားများကို ယှဉ်ပြိုင်ထုတ်လုပ်နေရသဖြင့် ပြည်တွင်းကားထုတ်လုပ်သူများအဖို့ ၎င်းတို့၏ပြည်ပဈေးကွက်ကိုချဲ့ရန် ကြိုးစားနေရသည်။ တရုတ်နိုင်ငံတွင် စက်ရုံထူထောင်ရန် တရုတ်အစိုးရ၏အတည်ပြုချက်ရဖို့ကြိုးပမ်းနေကြောင်း ပရိုတွန်ကုမ္ပဏီက မကြာမီ၌ပြောကြားခဲ့သည်။

**(အင်တာနက်)**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကြီးအကဲအဖြစ် ဘရာဇီးသံတမန်တစ်ဦးကို တရုတ်ထောက်ခံ

ပေကျင်း မတ် ၂၄

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)၏ သံတမန်တစ်ဦးဖြစ်သူ ဘရာဇီးနိုင်ငံသားလူဇ်ဖီလီပီဆီဆက်စ်ကော်ရီရာအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် တရုတ်နိုင်ငံက ထောက်ခံလိုက်ကြောင်း တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ချောင်ကျင်က ပေကျင်းမြို့တွင် ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။**

ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ်အဖြစ် ကိုယ်စားလှယ်တစ်ဦးအား ထောက်ခံလိုက်ခြင်းသည် တရုတ်နိုင်ငံအတွက် ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း သိရသည်။

## ထောက်ခံ

ထိုသို့ ထောက်ခံလိုက်ခြင်းမှာ တရုတ်နိုင်ငံ စီးပွားရေးလုပ်ငန်းဝန်ကြီး ဘိုဇီလီနှင့် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသော ဘရာဇီးနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကလိုဒိုဗယ်ဒိုဟူဂမ်စီတို့ ပေကျင်းမြို့တွင် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းကဲ့သို့ထောက်ခံလိုက်ခြင်းဖြစ်ကြောင်း မစ္စတာချောင်က ပြောကြားသည်။

## ရွေးချယ်

ဒဗလျူတီအို၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ကိုယ်စားလှယ်လေးဦး ရွေးချယ်ထားရာ ယင်းတို့မှာ ဘရာဇီးမှ ကော်ရီရာ၊ ဥရောပသမဂ္ဂကုန်သွယ်ရေးအကြီးအကဲ ပက်စ်ကယ်လာမီ၊ မောရစ်သျှနိုင်ငံခြားရေးဝန်ကြီး ဂျာဗာကရစ်နာ ကပ်တာဆီနှင့် ဒဗလျူတီအို အုပ်ချုပ်ရေးကောင်စီ အကြီးအကဲဟောင်းတစ်ဦးဖြစ်သည့် ဥရုဂွေးနိုင်ငံသား ကာလို့စ်ပီရာဇ်ဒယ်ကက်စတီလိုတို့ဖြစ်သည်။

ယင်းတို့အထဲမှ တစ်ဦးကို ဒဗလျူတီအို အထွေထွေကောင်စီက လာမည့် မေ ၃၁ရက်တွင် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တောင်ဘက် ၄၃မိုင်အကွာ ဘန်တင်းဒေသ ဆီအုန်းစက်ရုံဝင်းအတွင်း၌ ဆီအုန်းများ စုဆောင်းထားမှုကို မတ် ၂၄ ရက်က တွေ့ရစဉ်။ (မလေးရှားနိုင်ငံသည် ဆီအုန်းအမြောက်အမြား စိုက်ပျိုးသည့်နိုင်ငံ ဖြစ်သည်။) **(ဓာတ်ပုံ-အင်တာနက်)**

# တရုတ်နိုင်ငံ ကျေးလက်နေ ပြည်သူများ ၂၀၀၆ ခုနှစ်၌ သောက်သုံးရေ ဖူလုံတော့မည်

ပေကျင်း မတ် ၂၄

**တရုတ်နိုင်ငံတွင်လာမည့် ၂၀၀၆ခုနှစ်ကုန်၌ ကျေးလက်ဒေသများနှင့် ကျေးလက်နေပြည်သူ နောက်ထပ်သန်း ၂၀ ကို သောက်သုံးရေ ဖူလုံစွာ ထောက်ပံ့ပေးနိုင်တော့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အရေးပေါ်ရေထောက်ပံ့ဖြည့်ဆည်းရေးစီမံကိန်းဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။**

အဆိုပါစီမံကိန်းကို တရုတ်နိုင်ငံတော်ကောင်စီ၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အစည်းအဝေးတွင် ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ယင်းအစည်းအဝေးကို တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က သဘာပတိအဖြစ် ဗုဒ္ဓဟူးနေ့တွင် ဆောင်ရွက်ခဲ့သည်။

## အခက်အခဲဖြစ်

တရုတ်နိုင်ငံတစ်ဝန်းကျေးလက်ဒေသများတွင် လူနေမှု အဆင့်အတန်း မြင့်မားရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြင့်မားစေရေးတို့တွင် သောက်သုံးရေဖူလုံစွာရရှိရေးမှာ တရုတ်လယ်သမားတို့အတွက် အခက်အခဲဖြစ်လျက်ရှိနေကြောင်း အဆိုပါအစည်းအဝေးက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ရေအရင်းအမြစ်များရှိရာနေရာဒေသအနီးတွင် စက်ရုံများတည်ဆောက်ခြင်းကို တားမြစ်ခြင်း၊ ပိုးသတ်ဆေးများ သုံးစွဲမှုနှင့် ဓာတုပစ္စည်းများ ထုတ်လုပ်စွန့်ပစ်မှုများ တင်းကျပ်စွာပိတ်ပင် ဆောင်ရွက်သွားရန် အရေးကြီးကြောင်းလည်း ယင်းအစည်းအဝေး ဆုံးဖြတ်ခဲ့ကြသည်။

## ရင်းနှီးမြှုပ်နှံ

တရုတ်နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်က စတင်ပြီးနိုင်ငံတစ်ဝန်း၌ သောက်သုံးရေ ဖြည့်ဆည်းထောက်ပံ့ပေးရေး ငါးနှစ်စီမံကိန်းထားဆောင်ရွက်ခဲ့ရာ တရုတ်အစိုးရက ရေဖူလုံစွာရရှိရေးဆောင်ရွက်ရန် ယွမ် ၁၈ဘီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ)ကျော်ကို ရေရရှိရေးစီမံကိန်း တည်ဆောက်မှုလုပ်ငန်း ၈၀၀၀၀၀အတွက် ရင်းနှီးမြှုပ်နှံမှုပေးထားပြီး ကျေးလက်နေပြည်သူ ၅၇ သန်းအတွက် ရေဖူလုံစွာရရှိစေရန်ဆောင်ရွက်ပေးထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နီပေါတွင်အသားထုတ်လုပ်မှု မြင့်တက်လာ

ခတ္တမန္ဒူ မတ် ၂၄

**နီပေါနိုင်ငံ၏ လက်ရှိအသားထုတ်လုပ်မှုသည် တစ်နှစ်တန် ၁၉၇၀၀၀ ဖြစ်ကြောင်း၊ လွန်ခဲ့သော ၁၀နှစ်ကထက် အသားထုတ်လုပ်မှု ၂ဒသမ ၂ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြသည်။**

အစိုးရမဟုတ်သော နီပေါအဖွဲ့တစ်ဖွဲ့၏ လေ့လာဆန်းစစ်ချက်အရ နီပေါလူမျိုးတစ်ဦး တစ်နှစ်ပျမ်းမျှ အသားစားသုံးမှုနှုန်းမှာ ၉ ဒသမ ၄ကီလိုရှိကြောင်း၊ အဓိကစားသုံးသည့် အသားများမှာ ကျွဲ၊ ဆိတ်၊ ကြက်၊ ဝက်နှင့်သိုးများဖြစ်ကြောင်း သိရသည်။

အဆိုပါလေ့လာချက်အရ ကျွဲသား တန်၁၁၃၀၀၀၊ ဆိတ်သား တန်၃၅၀၀၀ ကြက်သား တန်၂၁၂၀၀၊ ဝက်သား တန်၁၂၀၀၀နှင့် သိုးသား တန် ၃၀၀၀ တို့ကို ထုတ်လုပ်နိုင်ခဲ့သည်ဟုဆိုသည်။

## တင်သွင်းရဆဲ

နီပေါနိုင်ငံမှ ထွက်ရှိသည့် အသားများအပြင် အခြားနိုင်ငံများမှအသားနှင့်အသားထွက်ပစ္စည်း တစ်နှစ်လျှင် တန် ၂၃၀ တင်သွင်းနေရဆဲဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဆုရပြခန်းများဆုချီးမြှင့်

**ရန်ကုန် မတ် ၂၆**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ပြခန်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ ဆုများချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ပြခန်းများ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း ခင်းကျင်းပြသမှု ပထမဆုရရှိသော အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်းကို ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ညဏ်ထွန်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြခန်းတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖတ်ကြားကြေညာ**

ရှေးဦးစွာ အခမ်းအနားမှူး စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး ဒုတိယတပ်မတော် မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ပြခန်းများ ခင်းကျင်း ပြသမှု အကောင်းဆုံးဆုရရှိကြသည့် စာရင်းကို ဖတ်ကြားကြေညာသည်။

**ဆုချီးမြှင့်**

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပြခန်းခင်းကျင်းပြသမှု ပထမဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်း၊ ဒုတိယဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ တတိယဆုရဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ စတုတ္ထဆုရ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနပြခန်းနှင့် ပဥ္စမဆုရ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြခန်းတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း ခင်းကျင်းပြသရေး ကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း ခင်းကျင်းပြသမှု အထူးဆုရရှိကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြခန်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြခန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဝန်ကြီးဌာနပြခန်းများ ခင်းကျင်းပြသမှု ပထမဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြခန်း၊ ဒုတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြခန်း၊ တတိယဆုရ သစ်တောရေးရာဝန်ကြီးဌာန ပြခန်း၊ စတုတ္ထဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြခန်းနှင့် ပဥ္စမဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြခန်းတို့အား ဆုများချီးမြှင့်သည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ညဏ်ထွန်းက ဝန်ကြီးဌာနပြခန်းများ ခင်းကျင်းပြသမှု အထူးဆုရ ပို့ဆောင်ရေးဝန်ကြီးဌာန ပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြခန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြခန်းနှင့် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြခန်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ပြခန်းများ ဆုချီးမြှင့်ရေးနှင့် အကဲဖြတ်အမှတ်ပေးအဖွဲ့ ဥက္ကဋ္ဌ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်က တိုင်းစစ်ဌာနချုပ် ပြခန်းများ ခင်းကျင်းပြသမှု ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်ပြခန်း၊ ဒုတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပြခန်း၊ တတိယဆုရ အနောက်မြောက်ပိုင်း စစ်ဌာနချုပ် ပြခန်း၊ အထူးဆုများရရှိကြသည့် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ပြခန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ပြခန်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ပြခန်းတို့အား ဆုများချီးမြှင့်သည်။

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ပြခန်းများ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသော ဝန်ကြီးဌာနပြခန်းများကို ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

ထို့နောက် တပ်မတော်နေ့ပြပွဲ ပြခန်း ခင်းကျင်းပြသရေး ကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေက ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ ခင်းကျင်း ပြသမှု ပထမဆုရ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ ဒုတိယဆုရ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူး ရုံးပြခန်း၊ တတိယဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်း၊ အထူးဆုများရရှိကြသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်း၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ပြခန်းနှင့် ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ပြခန်းတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားပြီး ပြခန်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂျပန်ကိုယ်စားလှယ်အဖွဲ့ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂျပန်နိုင်ငံ နာဂါနိုခရိုင် မာဆူမိုတိုမြို့မှ နာဂါနို Girl Scouting in Japan ကိုယ်စားလှယ်အဖွဲ့က အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ ဂျပန်နိုင်ငံ နာဂါနိုခရိုင် မာဆူမိုတိုမြို့မှ နာဂါနို Girl Scouting in Japan ကိုယ်စားလှယ်အဖွဲ့က အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဂျပန်နိုင်ငံ နာဂါနိုခရိုင် မာဆူမိုတိုမြို့မှ နာဂါနို Girl Scouting in Japan ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Fukasawa Kimiko က အလှူငွေ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကားပြောကြားသည်။

**စုပေါင်းဓာတ်ပုံရိုက်**

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဂျပန်နိုင်ငံ နာဂါနို Girl Scouting in Japan ကိုယ်စားလှယ်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များသည် ခန်းမအတွင်း ပြသထားသောအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများနှင့် အသင်းက ဖွင့်လှစ်ထားသော ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# ငွေရတုကျောင်းတော် ကုသိုလ်ရှင်များ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ် ၆ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ (၂၅) နှစ်ပြည့် ငွေရတုကျောင်းတော် ဆောက်လုပ်ရာတွင် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း အမှတ်(၁၅)နေ ဦးတိုးရီ-ဒေါ်မေသော် မိသားစုက နှစ်ဖက်သော မိဘများအမှူးထား၍ ဒုတိယအကြိမ် ငွေကျပ် ၂၀၀၀၀၀၊ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် မီးရထားရိပ်သာ တိုက် ၃/၃၁နေ ဦးလှမောင် ဒေါ်ခင်ရှိန် မိသားစုကငွေကျပ် ၁၀၀၀၀၀၊ တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ် ဗညားဒလလမ်းအမှတ် ၄၃၈နေ ဦးရွှေမြင့် ဒေါ်စိန်စိန်၊ သားမောင်အောင်ကျော်ဇင်(ခေတ္တ-သြစတြေးလျ)မွေးနေ့အလှူငွေကျပ် ၁၀၀၀၀၀၊ အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာ ၃/၃နေ ဦးအုန်းရွှေ-ဒေါ်ကြည်ကြည်သန်း မိသားစုက ကွယ်လွန်သူ ဦးလှမောင်-ဒေါ်ဒေါ်ချောအားရည်စူး၍ ငွေကျပ် ၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် အင်းစိန်လမ်း အမှတ် ၂၀နေ သာပေါင်းပျော့ဖတ်စက်ရုံ စက်ရုံမှူး ဗိုလ်မှူးညွန့်အောင်(ငြိမ်း)-ဒေါ်ခင်မေစိမ့် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(က-ပ)**

# မဟာစည်တရားပွဲ

**ရန်ကုန် မတ် ၂၆**

ပဲခူးတိုင်း ရွှေတောင်မြို့ မဟာစည်သြဝါဒခံ မဟာစည်သာသနာ့ရိပ်သာ၌ ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်မှ ၁၅ ရက်အထိ တရားစခန်းပွဲအဖြစ် ပဲခူးမြို့နယ် ဘုရားကလေးစံပြကျေးရွာ အေးစေတီကျောင်းတိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဇဝန ဆရာတော်အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၊ ဓမ္မာစရိယ စာအောင်သံဃာတော်များ ပူဇော်ပွဲနှင့် စုဥ္ဇဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၁၃ ရက်က နတ်ချောင်းရပ်ကွက် မဟာသန္တိသုခကျောင်း အဓိပတိခန်းမ၌ ကျင်းပရာ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ကုန္တကအား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၅)

# တပ်မတော်နေ့စာပေအနုပညာပြိုင်ပွဲပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

**ရန်ကုန် မတ် ၂၆**

နှစ်(၆၀) ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉နာရီမှ စတင်၍ ညနေ ၅ နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြပွဲသို့ ဒဂုံမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအပါအဝင် ရပ်ကွက်ရှင်လူပြည်သူ ၁၁၂၉ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲကို ဧပြီ ၄ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အများပြည်သူတို့အား ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့်အနုပညာပြိုင်ပွဲ ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

## တက်ရောက်

ပြပွဲဖွင့်ပွဲအခမ်းအနားသို့ နှစ်(၆၀) ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စာပေနှင့်အနုပညာပြိုင်ပွဲကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ ကဗျာနှင့်အနုပညာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျွမ်းကျင် ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေနှင့် အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ စာပေအနုပညာပြိုင်ပွဲ ပြပွဲခင်းကျင်းပြသရေး၊ နေရာချထားရေးနှင့်ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ စစ်သည်တော် ကျင့်ဝတ်နှင့်ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး၊ ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ဦးတည်ချက်(၁၂)ရပ်ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲအသီးသီး၌ ဆုရရှိကြသူများတက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ပြပွဲဗဟိုပြကွက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ပုံတူပန်းချီကား၊ ပန်းချီကားအောက်ဖက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ (၅၉)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းကောက်နုတ်ချက်၊ ယာဘက်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ၊ ဝဲဘက်၌ စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအင်အား ဟူသော အင်အားနှစ်ရပ်ဖြင့် အခက်အခဲမှန်သမျှ ကျော်လွှားခဲ့သည့် စုစုပေါင်းအရှည် ၁၁၅၇၅ ပေရှိ မြန်မာ့အရှည်ဆုံး တံတားကြီး သံလွင်တံတား (မော်လမြိုင်)၏ ပုံတူပန်းချီကားတို့ကို ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## ကြည့်ရှုအားပေး

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြပွဲ၏ ဝဲဘက်ခြမ်း၌ ပြသထားသော တပ်မတော် ကျင့်ဝတ်ပြိုင်ပွဲ (ဗဟိုအဆင့်) ဆုရရှိသူများ၊ ခေတ်မီဘက်စုံတည်ဆောက်ရေးရောင်စုံဓာတ်ပုံဆုရနှင့် ပြိုင်ပွဲဝင်ပုံများ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုရနှင့် ဆုရလက်ရာများ၊ ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု ရောင်စုံ ဓာတ်ပုံဆုရနှင့် ပြိုင်ပွဲဝင်ပုံများ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုရသူများ၏ ကိုယ်ရေး အချက်အလက်များနှင့် ပန်းချီ ပန်းပုပြိုင်ပွဲဆုရ လက်ရာများကိုလည်းကောင်း၊ ပြပွဲ၏ ယာဘက်ခြမ်းရှိ ဂုဏ်ပြုပြပွဲတင်ပန်းချီ လက်ရာမွန်များ၊ ကဗျာ၊စစ်ချီတေး၊ စစ်ရေးတေးနှင့် ဂုဏ်ပြုတေးပြိုင်ပွဲ ဆုရ သူများ၏ လက်ရာများနှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲဆုရပုံများနှင့် ဆုရသူများ၏ ကိုယ်ရေးအချက်အလက်များ၊ ကဗျာပြိုင်ပွဲ၊စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရလက်ရာများနှင့် ဆုရသူများ၏ ကိုယ်ရေးအချက်အလက်များ၊ ပန်းချီ ဦးသက်ဦး၏ မူဝါဒလမ်းစဉ်(၇)ရပ်၏ ကြံ့ခိုင်သော စည်းလုံးညီညွတ်မှုအင်အား ပန်းချီကားနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ရေးဆွဲဂုဏ်ပြုသည့် သံလွင်တံတား(မော်လမြိုင်)ဖွင့်ပွဲအခမ်းအနား ပန်းချီကားတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါနှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ယနေ့မှ ဧပြီ ၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး ပြပွဲ၌ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို နေ့စဉ်ကျင်းပကာ ဆုရရှိသူများအား ထိုက်တန်စွာ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အောင်ဆန်းစစ်ကြောင်းမှ မီးသတ်တပ်ဖွဲ့ဝင်များ ညွှန်ကြားရေးမှူးချုပ်တွေ့ဆုံ

**ရန်ကုန် မတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဌာနချုပ်မှတာဝန်ရှိသူများ လိုက်ပါ၍ မီးသတ်တပ်ဖွဲ့စစ်ကြောင်းများ တည်းခိုနေထိုင်သည့် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းသို့ ယမန်နေ့ညနေပိုင်းတွင် သွားရောက်ပြီး နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအားတွေ့ဆုံ၍စိတ်ဓာတ်ရေးရာ၊ စည်းကမ်းပိုင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စများမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ

## တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

**( မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည် )**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၇) ထွက်ပြီ

**ရန်ကုန် မတ် ၂၆**

ယနေ့ ကမ္ဘာကြီးသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေပေသည်။ ကျေးလက်ဒေသများသည် မြို့ပြများပမာ ဖွံ့ဖြိုးတိုးတက်လာနေကြသည်။ ကျေးလက်နေပြည်သူများ၏ ဘဝ လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်ပြည်သူများအရည်အသွေး တိုးမြှင့်ရန် ရည်ရွယ်၍ ကြည်လင်သော မိုးကောင်းကင်၊ သစ်လွင်သော သဘာဝ ပတ်ဝန်းကျင် အလှအပ၊ သင်းပျံ့သော ပိတောက်ရနံ့များနှင့်အတူ ဧပြီ ၁ ရက်ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ (၂)၊ အမှတ် (၇) ထွက်နေပြီဖြစ်သည်။ **(ဓါပုံ)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၇)တွင် မြန်မာ့ရိုးရာ နှစ်သစ်သကြန်၊ ရေကင်းသံ၊ လှေလှော်သံ၊ ကျန်းမာဖို့ရာ လက်ဆေးပါ၊ တိုင်းရင်းကြက်များ တိုးတက်မွေးမြူရေး၊ ကြံအထွက်တိုးရေး၊ ရုပ်ပျိုပြီး အသက်ရှည်စေတဲ့ဆေး စသည့် ဆောင်းပါးများ အပြင် ကဗျာ၊ ကာတွန်း၊ ဟာသ၊ ဝတ္ထုတို၊ ကုန်ဈေးနှုန်း၊ မိုးလေဝသ သတင်းစသည်တို့ကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အတွက်စာမူများနှင့်ကြော်ငြာများကို အမှတ် (၃၀-၃၂) ၁၀ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) FHAM အစီအစဉ်တို့ပူးပေါင်း၍ အသက်(၁၅)နှစ်မှ (၂၄) နှစ်အတွင်း လူငယ်များအတွက် “အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲ(ပြည်မြို့)”ကို လူငယ်စွမ်းအားပိုမြင့်မား၊ တားဆီးတိုက်ဖျက် အေအိုင်ဒီအက်စ် ခေါင်းစဉ်ဖြင့် ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်သော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆုသုံးဆု ငွေကျပ်နှစ်သောင်းစီကို ချီးမြှင့်သွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ လူငယ်များသည် ဧပြီ ၂ ရက် နံနက် ၆ နာရီခွဲမှ နံနက် ၈ နာရီအတွင်း အဆိုပါခန်းမ၌ မှတ်ပုံတင်ကတ်ပြား သို့မဟုတ် ကျောင်းသားကတ်ပြားပြ၍ စာရင်းသွင်းနိုင်သည်။ ပြိုင်ပွဲဝင်ဦးရေ ၁၀၀ သာ လက်ခံမည်ဖြစ်ပြီး စာရင်းသွင်းသည့်အချိန်တွင်လေ့လာရန် သတ်မှတ်ထားသော စာအုပ်စာတမ်းများနှင့် မိုငြမ်းပြုပစ္စည်းများကို ထုတ်ယူရရှိနိုင်သည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ ဖုန်း-၀၁-၃၇၈၈၆၃၊၀၁-၃၈၀၈၉၉၊ ၀၉၈၀-၂၁၈၀၂ တို့သို့ လည်းကောင်း၊ ဒေါက်တာတင်သိန်း အထွေထွေရောဂါကု ဆရာဝန်များ အဖွဲ့(ပြည်) ဖုန်း-၀၅၃-၂၄၂၃၃ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သကြၤန်ငါးရက် အထူးတရားစခန်း

**ရန်ကုန် မတ် ၂၆**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သဃ်ၤန်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဇာဝေယာလမ်း၌ တည်ရှိသော ဓမ္မဝိဟာရ ပထမကျော် ကျောင်းတိုက်၌ ဦးစီးပဓာန ဆရာတော် အရှင်ဂုရုဝံသ(ပထမကျော်၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ ဝိနယပါဠိပါရဂူ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ မဇ္ဈိမနိကာယဝိဒူ၊ အဘိဓမ္မဝိဒူ၊ ပိဋကတ်တစ်ပုံဆောင်မဟာဂန္ထဝါစကပဏ္ဍိတ) က ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပာဒ် သင်တန်းနှင့် ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် တရားတို့ကို သကြၤန်အကြိုနေ့ (ဧပြီ ၁၃ရက်) မှနှစ်ဆန်းတစ်ရက်နေ့(ဧပြီ၁၇ရက်)အထိ ဟောကြားပို့ချမည်ဖြစ်သည်။

ငါးရက်တရားစခန်းဝင်၍ တရားအားထုတ်လိုသော ယောဂီများသည် ကျောင်းတိုက် ဖုန်း-၅၆၂၃၃၃ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းပြီး ဧပြီ ၁၂ ရက် ညနေ ၄နာရီ အရောက် လာရောက်ကြရမည်ဖြစ်သည်။ **(က-ပ)**

မတ် ၁၃ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ကြည်ကြည်ဝင်းက စတုတ္ထတန်းပညာရည်ချွန်ပထမဆုရ မောင်သူရထက်ဆွေအား ဆုချီးမြှင့်စဉ်။ (က-ပ)

# ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မျိုးစေ့ဥယျာဉ်သီးပင်များ စိုက်ပျိုးထားမှုစစ်ဆေး စံနမူနာပြစိုက်ခင်းဖြစ်အောင် စဉ်ဆက်မပြတ်စိုက်ပျိုးဆောင်ရွက်ရေးမှာကြား

ရန်ကုန် မတ် ၂၆

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် မတ်၂၀ရက် နံနက်ပိုင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ် စခန်းရုံးမိသားစုများ၏ စံပြနှစ်ရှည်မြေပဒေသာပင် ဆင်းရွှေလီ လိုက်ချီးအပင် ၁၀၀၀နှင့် သီးညှပ်နေကြာမျိုးစေ့ထုတ်စိုက်ခင်းရှိ မျိုးစေ့ဥယျာဉ်သို့ရောက်ရှိရာ လုပ်ငန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က စိုက်ခင်းအတွင်း လိုက်ချီးအပင် ၁၀၀၀၊ ပျားလိမ္မော်ပင် ၅၇၀၊ တညင်းပင် ၁၂၀၊ ပိန္နဲပင် ၇၀၊ နှစ်ရှည်ပင်များနှင့် သီးညှပ်နေကြာနှင့် ပဲပုပ်များ စိုက်ပျိုးထားရှိမှုနှင့် မိသားစုများ၏ ဟင်းခင်းပဒေသာစိုက်ခင်းများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တပ်ရင်း၊ တပ်ဖွဲ့များ၏ စံနမူနာပြစိုက်ခင်းဖြစ်အောင် စဉ်ဆက်မပြတ် စိုက်ပျိုးဆောင်ရွက်ရေး မှာကြားသည်။**

### ကြည့်ရှုအားပေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မျိုးစေ့ဥယျာဉ်အတွင်း စိုက်ခင်းမှ ထွက်ရှိသော ပဲပုပ်နှင့်နေကြာမျိုးစေ့များ၊ ပဲပုပ်ဖြင့်ပြုလုပ်သည့် စားသောက်ဖွယ်ရာ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ပြည်ထောင်စု မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က မိုးလုံလေလုံ ခေတ်မီအားကစားရုံကြီး တည်ဆောက်မှုနှင့် ပြည်နယ်အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးကျေးက ပြည်ထောင်စု မိုးလုံလေလုံ အားကစားရုံတည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွင်း၌ ကျင်းပသော နှစ်(၆၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စုပေါင်းသွေးလှူဒါန်းပွဲ၊ ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်ပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အဝင် ဝိဇယဘူမိ မဟာအောင်မြေကုန်းတော်ပေါ်၌ လိုဏ်စနစ်ဖြင့် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျ ဖြစ်စေရေးအတွက် ဂရုပြုဆောင်ရွက်ကြရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြောက်ဥက္ကလာပမြို့နယ် ဓမ္မရတနာ ကျေးလိမ္မာ မင်္ဂလာသင်တန်းမှ ကြီးမှူးကျင်းပသော မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်သင်တန်း ဆုချီးမြှင့်ပွဲကို မတ် ၁၂ရက်က မြတ်မင်္ဂလာကျောင်း၌ကျင်းပရာ ရွှေတံဆိပ်ဆုရ အထက(၃)မှ မချယ်ရီစိုးအား သင်တန်းနာယက ဦးမြမောင်က ဆုချီးမြှင့်စဉ်။** (က-ပ)

## သကြိန် ၁၀ရက်တရားစခန်း

**ရန်ကုန် မတ် ၂၆**

ရန်ကုန် မြောက်ဥက္ကလာပမြို့နယ် ခတ္တာလမ်း (၁)ရပ်ကွက် အလင်းရောင် မဟာစည်ရိပ်သာ (၁၅) ကြိမ်မြောက် သကြိန် ၁၀ရက်တရားစခန်းကို ဧပြီ ၇ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အားထုတ်လိုသူများ၊ ရှင်ပြု ဒုလ္လဘရဟန်းခံနှင့် သီလရှင် ပြုလုပ်လိုသူများသည် ဧပြီ ၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အရဏ်၊ နေ့ဆွမ်း၊ ဖျော်ရည်၊ ဆေးဝါးပစ္စည်း လှူဒါန်းလိုသူများ ဖုန်း-၆၆၅၃၀၇ သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဓမ္မစေတီဆရာတော် တရားပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန် ရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ရဟန္တာများ ပူဇော်ပွဲကျင်းပရာ ဗိုလ်စိန်မှန် အားကစားကွင်းအတွင်းရှိ ဗဟိုစံကျောင်းတော်၌ ဧပြီ ၃ရက်နှင့် ၄ရက်တို့တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ(သာသနတက္ကသီလ မဟာဓမ္မာစရိယ၊ M.A Buddhism) က ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို ညစဉ် ညနေ ၆နာရီမှစတင်၍ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

## သာဓုကန်ခုနစ်ရက်ဒုလ္လဘစခန်း

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာဓုကန်ကျေးရွာ ရွာဦးကျောင်းတိုက်တွင် ကျောက်ဆင်တောရမှ ပခုက္ကူဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ဧပြီ ၁၀ရက်မှ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိဒုလ္လဘရဟန်းခံပွဲကျင်းပမည်ဖြစ်ရာ နေ့စဉ်ဆွမ်းခံကြွနိုင်သူ၊ ဝိနည်းတော်များကို လိုက်နာနိုင်သူ၊ ကမ္မဋ္ဌာန်းတရားကို အချိန်ပြည့်အားထုတ်ရန် သန္နိဋ္ဌာန်ချထားသူများ ဆက်သွယ်နိုင်ကြောင်းသိရသည်။ ဒုလ္လဘဝတ်လိုသူများသည် ဦးမြင့်ကြွယ် (ရုံး)ဖုန်း-၂၅၂၄၁၇၊ ၂၅၄၁၇၃၊ ဦးစိုးမြင့် (အိမ်)ဖုန်း-၆၆၃၈၆၅တို့နှင့် ဆက်သွယ်၍ ဧပြီ၁၀ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီအရောက် သာဓုကန်ကျောင်းတိုက်သို့လာရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

**တောင်ဥက္ကလာပမြို့နယ် အထက(၄)ရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူ ကျောင်းသူကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မတ်၁၁ရက်ကကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးလင်းက ကျောင်းသူကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။** (၁၉၂)

## ပန်းတနော်မြို့၌ဆေးဝါးပစ္စည်းများလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့ ၂၇လမ်း အမှတ်၁၆၈ နေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီ၊ သားဦးအောင်ထွန်း-ဒေါက်တာစန်းစန်းရီ မိသားစု(အောင်သပြေဖယောင်းပုဆိုးကော်ဇောကုမ္ပဏီ)တို့က ပန်းတနော်မြို့ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံနှစ်ရုံသို့ ဆေးဝါးပစ္စည်းကျပ်ရှစ်သိန်းတန်ဖိုး လှူဒါန်းပွဲကို မတ်၂၄ရက်က မြို့နယ်ပြည်သူ့ဆေးရုံစည်းဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးလွင်၊ အဖွဲ့ဝင်-၂ ဦးတင်မြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါ်ခင်မာအေးနှင့် တိုက်နယ်ဆရာဝန်များ၊ ဆေးရုံ ကြီးကြပ်မှုကော်မတီဝင်များနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပန်းတနော်မြို့ ရွှေမြင်တင်စေတီ ထာဝရငွေပဒေသာပင်အတွက် ထပ်မံလှူဒါန်းငွေ ကျပ်ခြောက်သိန်း၊ တရားရိပ်သာနှစ်ခုအတွက် ကျပ်နှစ်သိန်းစီ၊ မြမေတ္တာမျက်စိကုဆေးရုံအတွက် ကျပ်နှစ်သိန်း စုစုပေါင်း ကျပ်သိန်း၂၀ကို ရေစက်ချလှူဒါန်းကြောင်းသိရသည်။ **(သတင်းစဉ်)**

## တိဘီဝေဒနာရှင်လူနာများအား အာဟာရကျွေးမွေး

**ရန်ကုန် မတ် ၂၆**

မတ်၂၄ရက်တွင်ကျရောက်သည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အင်းစိန်မြို့နယ် အောင်ဆန်းတီဘီရောဂါ အထူးကုဆေးရုံကြီး၌ တက်ရောက် ကုသနေသော အတွင်းလူနာများအား အာဟာရဒါနအဖြစ် နေ့လယ်စာ ကြက်သားဟင်းတစ်နပ်နှင့်အာဟာရ ပဒေသာပင် ရန်ပုံငွေအဖြစ် အလှူငွေ ကျပ် ၇၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၂ရက် နံနက် ၁၁နာရီတွင် အဆိုပါဆေးရုံကြီး၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့၊ ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါက်တာဒေါ်ခင်သန်းဦးက ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သန်းလွင်ထံ အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါလှူဒါန်းပွဲအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ဝင်းရွှေ၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ထူးထူးအောင်၊ ကျန်းမာရေး၊ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ ပါဝင်လှူဒါန်းကြသည်။

### လှူဒါန်း

ထို့နောက် ဆေးရုံတက်ရောက်ကုသနေသည့် ဘုန်းတော်ကြီး လေးပါးနှင့် လူနာများအား အာဟာရဒါန ဆက်ကပ်လှူဒါန်းကျွေးမွေးကြသည်။ **(သတင်းစဉ်)**

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် မတ် ၂၆

**၂၀၀၅ခုနှစ် မတ်၂၅ရက် မြန်မာစံတော်ချိန် ၂၀နာရီ ၀၅မိနစ် ၃၈ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင် ၂၃၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

## တရားစခန်းဖွင့်လှစ်မည်

**ရန်ကုန် မတ် ၂၆**

စစ်ကိုင်းတိုင်း မုံရွာမြို့ဆုတောင်းပြည့် မြတ်စွာဘုရားကြီး ဓမ္မရိပ်သာစခန်းတွင် မော်လမြိုင်မြို့ ဖားအောက်တောရဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အာစိဏ္ဏ၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ကေသရိန္ဒက ကြီးမှူး၍ ၁၀ရက် တရားစခန်းကို မတ် ၂၈ ရက်မှ ဧပြီ၆ရက်အထိ ပထမအကြိမ်အဖြစ် စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ဇမ္ဗူအေးကျောင်းတိုက် တရားပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေး ကျောင်းတိုက်အတွင်းရှိ ဇမ္ဗူအေးစေတီတော်မြတ် ပြန်လည်မွမ်းမံခြင်းနှင့် သီလဝိသောခနီ သိမ်တော်ကြီး အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခြင်းအတွက် မြတ်ဗုဒ္ဓ၏ ထေရဝါဒ အထူးတရားပွဲကို အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ) က မတ်၂၇ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် လည်းကောင်း၊ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)က မတ်၂၈ရက်(တနင်္လာနေ့) ညနေ၆ နာရီတွင်လည်းကောင်း၊ အရှင်ဂါရဝါဘိဝံသ (မဟာဂန္ဓာရုံဆရာတော်၊ မင်္ဂလာဒုံ)က မတ်၂၉ရက် (အင်္ဂါနေ့) ညနေ ၆ နာရီတွင် လည်းကောင်း အသီးသီး ဟောကြားကြမည်ဖြစ်သည်။ တရားပွဲများကို အဆိုပါ သိမ်တော်ကြီး ဆောက်လုပ်ရေးမဏ္ဍပ်တွင် နေ့စဉ် ကျင်းပသွားမည်ဟု သိရသည်။ **(က-ပ)**

## ထူးခြားသည့်နေ့အပူချိန်

၂၆-၃-၂၀၀၅

| | |
|---|---|
| မှော်ဘီ | ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်) |
| ဘားအံနှင့်ပဲခူး | ၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်) |

## ကွက်ကျားမိုး

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။**

## ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

တိုင်းရင်းသား အဖွဲ့အစည်းများ ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ နယ်စပ်ဒေသများ၌ မကြုံစဖူး ထူးထူးကဲကဲ အောင်မြင်မှုများ ဖြစ်ထွန်းနေပြီ ဖြစ်သည်။

တပ်မတော်သည် အခက်အခဲအမျိုးမျိုးကြားက ငြိမ်းချမ်းရေးကို ရရှိအောင်၊ တိုင်းရင်းသားများအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုး တိုးတက်လာအောင် စေတနာရှေ့ထားပြီး လုပ်ဆောင်ခဲ့ရာ တပ်မတော်၏ စေတနာမှန်ကို တိုင်းရင်းသားပြည်သူများ နားလည်ခဲ့ကြသည်။

“သမဂ္ဂါနံ တပေါသုခေါ”ဆိုသည့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားတော်အတိုင်း စုပေါင်းဆောင်ရွက်ခြင်းဖြင့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် အကျိုးရလဒ်ကောင်းများကို ရရှိခဲ့ခြင်းပင် ဖြစ်သည်။ **ပန်းပေါင်းစုံဖူးပွင့်ဝေဆာနေသော ဥယျာဉ်ကြီးသည် ရေခံမြေခံကောင်းပြီး ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်မှု အခြေအနေကောင်းများကြောင့် အလှပန်းများဖူးပွင့်ဝေဆာလာခြင်း ဖြစ်သည်။**

**တပ်မတော် အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း တိုင်းပြည်၏ အခြေခံဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး၌ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးခဲ့သည်။**

စိုက်ပျိုးရေးအခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရင်း တစ်ပြိုင်နက်တည်းမှာပင် တိုင်းရင်းသား ညီအစ်ကိုများ ကူးလူးဆက်ဆံမှုဖြင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် ကုန်စည်ကူးသန်းပို့ဆောင်မှု ချောမွေ့လွယ်ကူစေရန်အတွက် မြန်မာနိုင်ငံ၏ လမ်းတံတားအင်အား ဆပွားတိုးတက်မြင့်မားအောင် တည်ဆောက်ဖောက်လုပ်ပေးခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချ… တိုင်းရင်းသားခေါင်းဆောင်များနှင့် ဤသို့ ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

# အစဉ်ထာဝရရှင်သန်နေမည့် တပ်မတော်၏ စေတနာပန်းများ

### မောင်ငြိမ်းချမ်း

တပ်မတော်သည် လွတ်လပ်ရေးကို ပြည်သူများနှင့် လက်တွဲပြီး ရယူပေးခဲ့သကဲ့သို့ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ဆက်လက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက် ပေးလျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်ကို ထိပါးလာသော ရန်စွယ်အန္တရာယ်မှန်သမျှကို အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်၍ တွန်းလှန်ချေမှုန်းလျက်ရှိသည့် နည်းတူ နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကိုလည်း နေ့မအားညမနား ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

၁၉၈၈ခုနှစ် ဆူပူသောင်းကျန်းမှုကာလက ပြိုကွဲလုနီးပါးဖြစ်ခဲ့ရသော နိုင်ငံတော်ကို တပ်မတော်က ကာကွယ်စောင့်ရှောက်ပေးခဲ့ပြီး ပြည်သူ များ၏ လိုအင်ဆန္ဒဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးကို ဦးစွာတည်ဆောက်ပေးခဲ့သည်။

**နိုင်ငံတော်တာဝန်ကို တပ်မတော်ရယူခဲ့ရသည့် ၁၉၈၈ ခုနှစ်ကာလကိုကြည့်လျှင် မင်းမဲ့စရိုက်ဆိုးများဖြင့် ဆူပူဖျက်ဆီးမှုများကြောင့် တိုင်းပြည်အနှံ့အပြားနှင့် ကဏ္ဍအသီးသီး၌ ကစဉ့်ကလျား ဖရိုဖရဲဖြစ်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဤကဲ့သို့ အဘက်ဘက်မှ နိမ့်ပါးလျော့ကျနေသည့်အခြေအနေ ဆိုက်ရောက်နေသည့် တိုင်းပြည်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တပ်မတော်က ကြိုးပမ်းတည်ဆောက်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။**

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိချိန်မှစပြီး နယ်ချဲ့၏ သွေးခွဲသပ်လျှိုမှု ပယောဂကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိသဖြင့် နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်မှု လျော့နည်းခဲ့ရသည်။

ထို့ကြောင့် တပ်မတော်က ရှေးဦးစွာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို မဖြစ်မနေ တည်ဆောက်ခဲ့ရသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်သည့် နေရာတွင် တပ်မတော်သည် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် နားလည်စာနာမှုများဖြင့် တည်ဆောက်ခဲ့ရသည်။

၁၉၈၉ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူနိုင်ချိန်မှစ၍ ခေတ်အဆက်ဆက်ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ပေးခဲ့သည်။ ယနေ့အချိန်အခါတွင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ခဲ့၍ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဖြစ်သည်။ တပ်မတော်နှင့်

ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်သားများ ပါဝင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၆) သင်တန်းဆင်းပွဲ အခမ်းအနားတွင်–

**“တပ်မတော်သားများဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်သားတွေ ဖြစ်တယ်။ ဒါ့ကြောင့် စစ်တိုက်ရန်နဲ့ လေ့ကျင့်ရန် မရှိပါက မိဘပြည်သူကို အလုပ်အကျွေးပြုကြရတယ်။ ရောက်ရာဒေသ ကိုယ့်ဇာတိရပ်ရွာလို သဘောထားပြီး ပြည်သူ့အကျိုးပြုနိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ကြရမယ်”** ဟူ၍ မြွက်ကြားခဲ့သည်။

တပ်မတော်သားများသည် ပြည်သူ့ကြားကပေါက်ဖွားလာသော တပ်မတော်သားများပီပီ ပြည်သူကို အလုပ်အကျွေးပြုကြခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူများအတွက် ၎င်းတို့၏ကိုယ်ကျိုးကို စွန့်လွှတ်၍ အနစ်နာခံ ဆောင်ရွက်ကြသည်။ အပင်ပန်း အဆင်းရဲခံကြရသည်။ အခက်အခဲမှန်သမျှ ကျော်လွှားကြသည်။ အကြောင်းမှုကား ပြည်သူများသည် တပ်မတော်သားများ၏ မိဘများဖြစ်ကြသောကြောင့် ဖြစ်သည်။ တပ်မတော်သားများသည် မိဘပြည်သူတို့၏ သားကောင်းရတနာများဖြစ်၍ မိဘပြည်သူတို့ကို ပြန်လည်အလုပ်အကျွေးပြုကြခြင်းဖြစ်သည်။

တပ်မတော်အစိုးရ နိုင်ငံ့တာဝန် စတင်ယူသည့် အချိန်မှစ၍ နယ်စပ်ဒေသများ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ မူးယစ်ဆေးဝါးကင်းစင်လာသည်။ ရွာငယ် ဇနပုဒ်မျှသာရှိသော ရွာကလေးများသည် မြို့ကြီးပြကြီးများ ဖြစ်လာခဲ့သည်။ ဆေးပေးခန်းလေး အဆင့်မှ ဆေးရုံကြီးများ၊ ဝါးထရံ၊ အင်ဖက်မိုး စာသင်ကျောင်းလေးများမှ အုတ်ညှပ်၊ သွပ်မိုး စာသင်ကျောင်းကြီးများ ဖြစ်လာခဲ့သည်။ ကူးတို့ဖောင်လေးများဖြင့် အန္တရာယ်ရှိစွာ ရေလမ်းခရီးဖြင့် သွားလာနေရာက တံတားကြီးများဖြင့် လုံခြုံစိတ်ချစွာ ဖြတ်သန်းနိုင်ခဲ့ကြသည်။

**နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် တစ်ပြိုင်တည်းတွင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်စေရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခုသတ်မှတ်ကာ ဒေသတွင်း၌ တက္ကသိုလ်၊ ကောလိပ်နှင့် နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်၊ ခုတင်၂၀၀ အထူးကု ဆေးရုံကြီးများကို တိုးချဲ့တည်ဆောက်ပေးခဲ့သည်။ နိုင်ငံအတွင်း**

**မီးရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်းခွင်တွင် တပ်မတော်သားများ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဤသို့ ဆောင်ရွက်ကြသည်။**

**လူအများစုနေထိုင်ရာ ကျေးလက်… တပ်မတော်က ဆက်လက်ဆောင်ရွက်… ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျေး… ငါးရပ်ကို ချမှတ်ပေးခဲ့သည်။ အဆို… ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်၊ ပြည်… ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။**

| အမျိုးအမည် | ၁၉… |
|---|---|
| **စိုက်ပျိုးရေး** | |
| – စိုက်ပျိုးမြေဧက(သန်း) | |
| – ဆည်တမံစီမံကိန်းကြီးများ | |
| – မြစ်ရေတင်လုပ်ငန်း | |
| – စပါးထုတ်လုပ်မှုတင်း(သန်း) | ဖြ… |
| **သစ်တောစိုက်ခင်း (ဧက)** | **၇(…** |
| **ပို့ဆောင်ရေး** | |
| – ရထားသံလမ်း (မိုင်) | ၂၇၉… |
| – ဘူတာရုံ | |
| – လေယာဉ်ကွင်း (အကြီး) | |
| – ကားလမ်း (မိုင်) | ၁၃၆… |
| – ပေ(၁၈၀)အထက် တံတား | |
| **လျှပ်စစ်စွမ်းအား** | |
| – ရေအားလျှပ်စစ်စက်ရုံ | |
| – တည်ဆောက်ဆဲစီမံကိန်း | |
| **စက်မှုလက်မှု** | |
| – စက်မှုဇုန်များ | |
| – ပုဂ္ဂလိကစက်ရုံ | ၂… |
| – နိုင်ငံပိုင်စက်ရုံ | |
| **ပညာရေး** | |
| – အခြေခံပညာ(ကျောင်း) | ၃… |
| – အဆင့်မြင့်ပညာ(တက္ကသိုလ်၊ ကောလိပ်) | |
| **သိပ္ပံနှင့်နည်းပညာ** | |
| – နည်းပညာတက္ကသိုလ် | |
| – နည်းပညာကောလိပ် | |
| – ကွန်ပျူတာကောလိပ် | |
| – လေကြောင်းနှင့်ရေကြောင်း ပညာတက္ကသိုလ် | |
| – စက်မှုလက်မှုသိပ္ပံ | |
| **ကျန်းမာရေး** | |
| – ဆေးရုံ | |
| – တိုင်းရင်းဆေးရုံ | |
| – ဆေးနှင့်ကျန်းမာရေးဆိုင်ရာ တက္ကသိုလ် | |
| **ပြန်ကြားရေး** | |
| – ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ | |
| – ပြန်ဆက်ရုံးများ | |
| – ကိုယ်ပွားသတင်းစာတိုက်များ | |

ကျ္ကာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တွေ့ဆုံခဲ့သည်။

**လူအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် တပ်မတော်က ဆက်လက်ဆောင်ရွက်ပေးလျက် ရှိသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်ပေးခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။**

| အမျိုးအမည် | ၁၉၈၈ | ၂၀၀၅ မတ်လထိ | တိုးတက်မှု |
|---|---|---|---|
| **စိုက်ပျိုးရေး** | | | |
| – စိုက်ပျိုးမြေဧက(သန်း) | ၂၄.၈ | ၂၆.၆ | ၁.၈ |
| – ဆည်တမံစီမံကိန်းကြီးများ | ၁၃၈ | ၃၅၁ | ၂၁၃ |
| – မြစ်ရေတင်လုပ်ငန်း | မရှိ | ၃၇၆ | ၃၇၆ |
| – စပါးထုတ်လုပ်မှုတင်း(သန်း) | ၆၅၃.၅ | ၁၁၉၅.၂ | ၅၄၁.၇ |
| **သစ်တောစိုက်ခင်း (ဧက)** | **၇၉၁၁၅** | **၁၃၀၁၄၅၈** | **၁၂၂၂၃၄၃** |
| **ပို့ဆောင်ရေး** | | | |
| – ရထားသံလမ်း (မိုင်) | ၂၇၉၃.၈၆ | ၃၉၅၂.၉၀ | ၁၁၅၉.၀၄ |
| – ဘူတာရုံ | ၄၈၇ | ၇၈၀ | ၂၉၃ |
| – လေယာဉ်ကွင်း (အကြီး) | ၂၁ | ၃၈ | ၁၇ |
| – ကားလမ်း (မိုင်) | ၁၃၆၃၅/၀ | ၁၈၆၄၀/၃ | ၅၀၀၅/၃ |
| – ပေ(၁၈၀)အထက် တံတား | ၁၉၈ | ၃၉၃ | ၁၉၅ |
| **လျှပ်စစ်စွမ်းအား** | | | |
| – ရေအားလျှပ်စစ်စက်ရုံ | ၁၄ | ၄၄ | ၃၀ |
| – တည်ဆောက်ဆဲစီမံကိန်း | – | ၂၀ | ၂၀ |
| **စက်မှုလက်မှု** | | | |
| – စက်မှုဇုန်များ | မရှိ | ၁၈ | ၁၈ |
| – ပုဂ္ဂလိကစက်ရုံ | ၂၆၈၇၂ | ၄၂၇၀၇ | ၁၅၈၃၅ |
| – နိုင်ငံပိုင်စက်ရုံ | ၆၄၁ | ၈၃၃ | ၁၉၂ |
| **ပညာရေး** | | | |
| – အခြေခံပညာ(ကျောင်း) | ၃၃၇၄၇ | ၄၀၅၂၁ | ၆၇၇၄ |
| – အဆင့်မြင့်ပညာ(တက္ကသိုလ်၊ ကောလိပ်) | ၂၇ | ၆၄ | ၃၇ |
| **သိပ္ပံနှင့်နည်းပညာ** | | | |
| – နည်းပညာတက္ကသိုလ် | ၁ | ၃ | ၂ |
| – နည်းပညာကောလိပ် | ၁ | ၂၆ | ၂၅ |
| – ကွန်ပျူတာကောလိပ် | မရှိ | ၂ | ၂ |
| – လေကြောင်းနှင့်ရေကြောင်း ပညာတက္ကသိုလ် | မရှိ | ၂ | ၂ |
| – စက်မှုလက်မှုသိပ္ပံ | ၂ | ၁၂ | ၁၀ |
| **ကျန်းမာရေး** | | | |
| – ဆေးရုံ | ၆၃၁ | ၈၁၉ | ၁၈၈ |
| – တိုင်းရင်းဆေးရုံ | ၂ | ၁၄ | ၁၂ |
| – ဆေးနှင့်ကျန်းမာရေးဆိုင်ရာ တက္ကသိုလ် | ၄ | ၁၄ | ၁၀ |
| **ပြန်ကြားရေး** | | | |
| – ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ | ၁၅ | ၁၇၇ | ၁၆၂ |
| – ပြန်ဆက်ရုံးများ | မရှိ | ၃၇၃ | ၃၇၃ |
| – ကိုယ်ပွားသတင်းစာတိုက်များ | မရှိ | ၉ | ၉ |

**တပ်မတော်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ လူမှုဘဝ မြင့်မားရေးကို ရှေးရှုဖော်ဆောင်ခဲ့သဖြင့် နိုင်ငံတစ်ဝန်းလုံး မည်သည့်ခေတ် မည်သည့်ကာလနှင့်မျှ မတူအောင် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။**

**မကွေး–တောင်တွင်းကြီး ရထားလမ်းသစ် ဖောက်လုပ်ခဲ့စဉ်က တပ်မတော်သားများ ဤသို့ ပါဝင် လုပ်အားပေးခဲ့ကြသည်။**

ယင်းသို့ ဆောင်ရွက်ပေးခဲ့သဖြင့် ကျေးလက်ဒေသများသာမက မြို့ပြဒေသများပါ သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ တပ်မတော် အစိုးရလက်ထက် (၁၆)နှစ်ကျော်မျှကာလအတွင်း တပ်မတော်က စေတနာရှေ့ထား၍ စွမ်းဆောင်ပေးခဲ့သည့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းကို တစ်ဖက်ပါဇယားအတိုင်း ယခင်နှင့် ယခု နှိုင်းယှဉ်မှုကို ကြည့်လျှင် သိသာထင်ရှားစွာ တွေ့ရှိနိုင်ပေသည်။

တပ်မတော်အစိုးရသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးသို့ ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံတော်အတွင်း အေးချမ်းသာယာမှု၊ စည်ပင်ဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရေးအပြင် ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပင်မ မဏ္ဍိုင်များဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ထွန်းကားပြန့်ပွားနေစေရေးအတွက်ကိုပါ တိကျခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပေသည်။

တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ကို ရယူခဲ့ချိန်တွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပထမဦးစားပေး လုပ်ငန်း တာဝန်ကြီးများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရင်း တစ်ပြိုင်တည်းမှာပင် အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေမည့် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရအောင် အမျိုးသားစီမံကိန်း အဆင့်ဆင့်ကိုချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည် ဖော်ပေးလျက်ရှိနေပေသည်။

# နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

**ပြည်ထောင်စုကြီး၏ ဘူမိနက်သန်ဖြစ်သည့် ရှမ်းပြည်နယ် ပင်လုံမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော အစိုးရနည်းပညာကောလိပ်(ပင်လုံ)**

**တပ်မတော်အစိုးရအနေဖြင့် ကိုယ့်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားကို အားပြုပြီး တိုင်းရင်းသား ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုး တိုးတက်မှု လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိဖြစ်ထွန်းနေပြီ ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်း အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ၊နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နည်းပညာ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများစသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ များစွာ ပေါ်ထွန်းနေပြီဖြစ်သည်။**

တပ်မတော်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ လူမှုဘဝ မြင့်မားရေးကို ရှေးရှုဖော်ဆောင်ခဲ့သဖြင့် နိုင်ငံတစ်ဝန်းလုံး မည်သည့်ခေတ် မည်သည့်ကာလနှင့်မျှ မတူအောင် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။ တပ်မတော်သည် နိုင်ငံ တည်ဆောက်ရေး တာဝန်များကို နေ့မအားညမနား ပါဝင်ဆောင်ရွက်ပေးခဲ့ခြင်းသည် ခေတ်အဆက်ဆက်တွင် ထမ်းဆောင်ခဲ့သည့် တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကို ဆက်လက်သယ်ပိုး ထမ်းဆောင်ခြင်းလည်း ဖြစ်ပေသည်။

အနာဂတ်ကာလတွင်လည်း တပ်မတော်သည် ပြည်သူ့အကျိုးကို ဆက်လက် သယ်ပိုးနေဦးမည်ဖြစ်သည်။ **နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်းသည် စည်းလုံးညီညွတ်ခြင်း၊ တည်ငြိမ်အေးချမ်းသာယာခြင်း၏ အကျိုးရလဒ်ကောင်းများကြောင့် ဖြစ်ပေသည်။ တပ်မတော်၏ ပြည်သူများအပေါ် ထားရှိသည့် မွန်မြတ်သည့် စေတနာ၊ မှန်ကန်သည့် လုပ်ဆောင်မှုများကြောင့်လည်း ဖြစ်သည်။ ရေရှည်တွင် ယခုကဲ့သို့ တည်ငြိမ် အေးချမ်းမှု အပြည့်အဝရရှိရန်နှင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စွမ်းရည်ထက်မြက်သော တပ်မတော်၏ ဦးဆောင်မှု အခန်းကဏ္ဍ မရှိမဖြစ် လိုအပ်နေဦးမည်သာ ဖြစ်ပေသည်။**

တစ်နည်းဆိုသော် တည်ငြိမ်အေးချမ်းခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ခြင်းသည် တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ အစဉ်ထာဝရ ရှင်သန်ဖြစ်ထွန်းနေသည့် စည်းလုံးညီညွတ်မှု အင်အား၊ တပ်မတော်၏ တိုင်းရင်းသားပြည်သူများအပေါ် အစဉ်ထာဝရထားရှိသည့် မွန်မြတ်သည့် စေတနာပန်းများကြောင့်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**နိုင်ငံဖွံ့ဖြိုး တိုးတက်လာခြင်းသည် စည်းလုံးညီညွတ်ခြင်း၊ တည်ငြိမ် အေးချမ်းသာယာခြင်း၏ အကျိုးရလဒ်ကောင်းများကြောင့် ဖြစ်ပေသည်။ တပ်မတော်၏ ပြည်သူများအပေါ် ထားရှိသည့် မွန်မြတ်သည့် စေတနာ ၊ မှန်ကန်သည့် လုပ်ဆောင်မှုများကြောင့်လည်း ဖြစ်သည်။ ရေရှည်တွင် ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိရန်နှင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စွမ်းရည် ထက်မြက်သော တပ်မတော်၏ ဦးဆောင်မှုအခန်းကဏ္ဍ မရှိမဖြစ် လိုအပ်နေဦးမည်သာ ဖြစ်ပေသည်။**

မြန်မာစက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် အဆင့်တိုးမြှင့်ရေးစီမံကိန်းရှင်းလင်းဆောင်၌ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (စက်မှု-၁)

# ငှက်ဖျားရောဂါကုသရာ၌ အသုံးပြုသည့်ဆေးဝါးကုန်ကြမ်းသီးနှံစိုက်ခင်းများ တစ်အုပ်တစ်မ တိုးချဲ့စိုက်ပျိုးသွားရန် ဝန်ကြီးဦးအောင်သောင်း မှာကြား

ရန်ကုန် မတ် ၂၆

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် ကလော မြို့နယ် ဟဲဟိုးရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးကုန်ကြမ်းစိုက်ကွင်းသို့ ရောက်ရှိစစ်ဆေးသည်။**

ထို့နောက် ငှက်ဖျားရောဂါကုသဆေးဖော်စပ်ရာ၌ အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းသီးနှံ Artemisia စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မြေအနှံ့ရာယ်ကာကွယ်ဆေးထုတ်လုပ်ရန် မွေးမြူထားသည့် မြင်းများကို ယခုထက်တိုးတက်မွေးမြူရေးနှင့် စက်မှုဆေးဝါးကုန်ကြမ်းသီးနှံပင်များကို တစ်အုပ်တစ်မ တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။

## မှာကြား

ထို့နောက် စိုက်ကွင်းရှင်းလင်းဆောင်၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက မြင်းများမွေးမြူထားမှု၊ ဆေးဝါးစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု၊ သီးနှံပင်များစိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

## တွေ့ဆုံ

ညနေပိုင်းတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် အဆင့်တိုးမြှင့်ရေး စီမံကိန်းရှင်းလင်းဆောင်၌ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

## ဖြည့်ဆည်း

ရှေးဦးစွာ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဦးမြင့်သိန်းက သံရည်ကျိုစက်ရုံ၏ မြို့ပြဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်မှုများကိုလည်းကောင်း၊ ရှမ်းစတားကားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးစိုင်းအုန်းခေါင်က ကားထုတ်လုပ်မှု ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် သံရည်ကျိုပုံလောင်း ပုံထောင်းစက်ရုံများ၏ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေပြည်ဟိဏ်း ဇီဝိတဒါနအလှူ

**ရန်ကုန် မတ် ၂၆**

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိဏ်းကျောင်း၌ ဖွင့်လှစ်သော ကုသိုလ်ဖြစ်ဆေးခန်း ဇီဝိတဒါန အတွက် လိုအပ်သောဆေးများ ဝယ်ယူလှူဒါန်းနိုင်ရန် အလှူငွေများလှူဒါန်းလျက်ရှိရာ မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းဝင်းမှ ဆရာတော်ဦးသောဘိတက အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ ဒေါက်တာဝင်းထိန်-ဒေါ်သန်းသန်းလွင် မိသားစု ခမုံဆိပ်တိုက်နယ်ဆေးရုံ လက်ပံတန်းမြို့နယ်က အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ရွှေပြည်ဟိဏ်းဆရာတော် အရှင်ခေမာသိရီ လက်ခံရထံ လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

**အမှတ် ၁၅(A) အောက်မင်္ဂလာဒုံလမ်း စဥ့်ငူရပ်ကွက် အင်းစိန်မြို့နယ်နေ ဒေါ်သန်းသန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ဆေး ပဒေသာပင် အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။** (က-ပ)

# မြန်အောင်သစ္စာရှင်စေတီမြတ် ထီးတော်တင်လှူပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

မြန်အောင်မြို့နယ် ရှားတောရပ်ရေနံမြေ ဘုရားသုံးဆူ သာသနာ့နယ်မြေတွင်ရှိသော သစ္စာရှင် စေတီမြတ်အား ထီးတော်တင်လှူပွဲ အခမ်းအနားကို ဧပြီ ၂ရက်၊ ၃ ရက်နှင့် ၄ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁ ရက် အရောက်လာကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

**မတ် ၂၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Md. Aftabuzzaman နှင့်ဇနီးတို့က ကြိုဆိုကြစဉ်။** (သတင်းစဉ်)




# စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စက်သုံးဆီအရောင်းဆိုင်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၆**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ညွှန်ကြားရေးမှူး ဦးခင်မောင်ရီလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအောက်မှ စက်သုံးဆီအရောင်းဆိုင်များကို လှည့်လည်သွားရောက်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဓမ္မပူဇာသဘင်

**ရန်ကုန် မတ် ၂၆**

ကြည့်မြင်တိုင်မြို့နယ် စလင်းလမ်းနှင့်နတ်စင်လမ်းထောင့်ရှိ သီဟသုဓမ္မမဏ်ိဇောတရေ ဦးနှင်းစိန်-ဒေါ်မြင့်မြင်း တို့၏ ဓမ္မပူဇာ တရားသဘင်မဏ္ဍပ်၌ ဧပြီ ၂ ရက်တွင် အောင်စကြာ ဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ၊ ၃ရက်တွင် ရေစကြိုဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ၄ရက်တွင် ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသနှင့် ၅ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားကြမည်ဟု သိရသည်။ **(က-ပ)**

# လက်တွေ့နှင့်ကိုက်ညီသော အမှန်ထုတ်လုပ်မှုကိန်းဂဏန်းများယှဉ်တွဲလေ့လာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွက်ချက်ခြင်းသင်တန်းဆင်း

ရန်ကုန် မတ် ၂၆

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) တွက်ချက်ခြင်းသင်တန်း ၄/၂၀၀၄-၂၀၀၅ ဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကို အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက်ထားပြီး ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ဌာနအနေဖြင့် ထိရောက်စွာ အကျိုးပြုနိုင်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ အရည်အသွေး ပြည့်ဝသည့် ဝန်ထမ်းများဖြစ်စေရန် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ယခုအခါတွင် ၂၀၀၅-၂၀၀၆ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ ရေးဆွဲပြီးဖြစ်၍ ပြည်နယ်နှင့် တိုင်းအလိုက် ရေးဆွဲထားသော နှစ်စဉ် စီမံကိန်းရည်မှန်းချက်ဘောင်အတွင်း ခရိုင်နှင့် မြို့နယ်အလိုက် စီမံကိန်းရည်မှန်းချက်များကို ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ခရိုင်နှင့် မြို့နယ်အလိုက် ရေးဆွဲရာတွင် လက်တွေ့အခြေအနေနှင့် ကိုက်ညီသည့် အမှန်ထုတ်လုပ်မှု အရေအတွက် ကိန်းဂဏန်းများကိုပါ ယှဉ်တွဲလေ့လာပြီး ရေးဆွဲကြရန် မှာကြားလိုကြောင်း။

## စေတနာကောင်း

ထို့အပြင် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် မိမိကိုယ်ကို ပြုစုပျိုးထောင်သွားရန်၊ မိမိသည် ဌာန၊ ဌာနသည်မိမိ ဆိုသည့် ခံယူချက်ကိုမွေးမြူကျင့်သုံးပြီး စိတ်စေတနာကောင်းထားကာ ဌာနနှင့် နိုင်ငံကို မြှင့်တင်သွားနိုင်မည့် အရည်အချင်း ပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

## တက်ရောက်

ထို့နောက် သင်တန်းသား ကိုယ်စားလှယ်တစ်ဦးက သင်တန်း အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။ အဆိုပါ သင်တန်းသို့ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရုံးချုပ်နှင့် ပြည်နယ်နှင့်တိုင်း၊ ခရိုင်နှင့်မြို့နယ်စီမံကိန်းဦးစီးရုံးများမှ သင်တန်းသား ၄၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားစခန်းများဖွင့်မည်

**ရန်ကုန် မတ် ၂၆**

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့ (၂၁)ရပ်ကွက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၂၀၂) မြို့ဦးကျောင်းဓမ္မရိပ်သာ ကမ္မဋ္ဌာနာစရိယနယ်လှည့်ဓမ္မကထိက ဦးသောပါက (ရွှေပေါက်ကံ)က ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိ ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ ၉ ရက် ညနေပိုင်းအရောက်လာရောက်ရန်နှင့် ဥက္ကဋ္ဌ ဦးထွန်းဦး ဖုန်း-၆၉၉၈၀၂၊ ၀၉-၅၁၂၀၀၀၆ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်သည်။

အလားတူ ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၇) ရပ်ကွက် ဓမ္မရက္ခိတ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၃၉၅)တွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ဘဒ္ဒန္တ သီလာနန္ဒက သင်္ကြန်တွင်းတရားစခန်းပွဲကို ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ ခုနစ်ရက်ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ရန်ကုန်တိုင်းကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၂၆

**ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်း ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေးနှင့် ပြည်သူ့ကျန်းမာ) ဒေါက်တာရဲမြင့်၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြသည်။

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းကိုဖတ်ကြားသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အကောင်းဆုံး DOTS Providerပထမဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်၊ ဒုတိယဆုရရှိသည့် ဗိုလ်တထောင်မြို့နယ်၊ တတိယဆုရရှိသည့် လှည်းကူးမြို့နယ်နှင့် ပူးတွဲတတိယဆုများရရှိကြသည့် ဒေါပုံမြို့နယ်နှင့် ခရမ်းမြို့နယ်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟုသုတ စွမ်းရည်ပြိုင်ပွဲ၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟုသုတ စွမ်းရည်ပြိုင်ပွဲ၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဧည့်သည်တော်များသည် DOTS ပညာပေး ဓာတ်လမ်းတို ပြသမှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသည့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် ပညာပေးပြခန်း၊ ပြကွက်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးတို့သည် ဒဂုံမြို့နယ် ပန်တျာလမ်းရှိ ဒဂုံမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးရုံး၌ ကျင်းပသည့် ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ ရောက်ရှိလာရာ ရှေးဦးစွာ မြို့နယ် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဥမ္မာသွင်က မြို့နယ်အတွင်း တီဘီရောဂါကုသခြင်းနှင့် တီဘီဆေး တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးနှင့် တာဝန်ရှိသူများက တီဘီရောဂါ ဝေဒနာရှင်များအား တီဘီဆေးများ တိုက်ကျွေးပြီး ဆေးဝါးနှင့် အားဆေးများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဆုချီးမြှင့်**

**ကျိုက်မရောမြို့ နယ် အ သင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆု ချီး မြှင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက် က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း စိတ်တိုင်းကျစားသောက်ဆိုင်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးရဲမြင့်က တက္ကသိုလ်ဝင်တန်း စာမေးပွဲ လေးဘာသာ ဂုဏ်ထူးရှင် မထားအိခင်အား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။**
(က-ပ)

## ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ရေးနှိုးဆော်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သော ရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့် အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်။

(က) မသန့်ရှင်းသည့် လက်၊ အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း၊
(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း၊
(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း၊
(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာများနှင့် နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမှကာကွယ်နိုင်ရန်-

- ရေကိုကျိုချက်၍ သောက်ပါ၊
- ယင်နားစာများ မစားပါနှင့်၊
- ယင်လုံအိမ်သာ အသုံးပြုပါ၊
- အစာမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ၊
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ၊
- အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်၊ ဝမ်းလျှော်ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန။**

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ထားဝယ်မြို့နယ်အသင်းဂုဏ်ပြုပူဇော်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ ၁/၂၀၀၅ဖြင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းခြင်းခံရသည့် တနင်္သာရီတိုင်း ထားဝယ်မြို့နယ်မှ ဆရာတော်များဖြစ်ကြတော်မူသော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လောင်းလုံမြို့နယ်က ဒက်ငယ်ထိန်ရွာ နာရဒါရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ အရှင်သူမြတ်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ရေဖြူမြို့နယ် ကံပေါက်ဒေသရွှေစေတီကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလ္လ အရှင်သူမြတ်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ထားဝယ်မြို့ ပိန္နဲတောရပ် အောင်ချမ်းသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုသာရိယ အရှင်သူမြတ်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ထားဝယ်မြို့ ဇဟာကျေးရွာ ဇဟာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလအရှင်သူမြတ်၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ထားဝယ်မြို့ ကညံ့ရပ် မြေတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တ ကလျာဏ အရှင်သူမြတ်၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လောင်းလုံမြို့နယ် စစ်ပြကျေးရွာ စစ်ပြကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဇဝန အရှင်သူမြတ်၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာ အရှင်သူမြတ် ခုနစ်ပါးတို့အား ဂုဏာပူဇာ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် အလုံ မြို့နယ် အလုံလမ်း ဇမ္ဗူရတနာ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပသည်။ အခမ်းအနားသို့ ဂုဏ်ပြုခံ ဆရာတော်များ၊ ထားဝယ်မြို့နယ်အသင်းသား အသင်းသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ထားဝယ်မြို့ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**ရွှတ်ဖတ်ပူဇော်**

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခုနစ်ပါးတို့၏ ထေရုပ္ပတ္တိများကို ဖတ်ကြားပူဇော်ပြီးနောက် သီလရှင်များက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခုနစ်ပါးတို့အား ရှစ်လုံးဖွဲ့ကဗျာများဖြင့် ရွှတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ထားဝယ်မြို့ လောင်းလုံမြို့နယ် ကဒက်ငယ်ထိန်ရွာ နာရဒါရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ အရှင်သူမြတ်ထံမှ ဩဝါဒကထာနာယူကြပြီး ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ခုနစ်ပါးတို့အား ထားဝယ်မြို့နယ်အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစောရွှေ(ငြိမ်း)နှင့် အသင်းသား အသင်းသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)** **(အပေါ်ပုံ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၇-၃-၂၀၀၅(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | ၁။ | **နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်** |
| ၈း၃၀ | ၂။ | နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၈း၄၅ | ၃။ | International News |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၁း၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၄၀ | ၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း-၂၃) |
| ၁၂း၂၀ | ၅။ | နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာအသုံးချစွမ်းရည် ပြိုင်ပွဲ |
| ၁၂း၃၀ | ၆။ | ရုပ်မြင်သံကြားဇာတ်လမ်း **"သူရဲကောင်းတို့ပျော်ရာမြေ"** (နေထက်လင်း၊ ရဝေအောင်၊ နဝရတ်၊ ရွှေသွေး) ဒါရိုက်တာ-တင်သန်းဦး |
| ၁၄း၁၅ | ၇။ | နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၄း၃၀ | ၈။ | သင်ပုန်းရေလှောင်တမံ |
| ၁၄း၄၅ | ၉။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ ခုနှစ်) |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၁၇း၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇း၁၀ | ၆။ | နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၇း၂၅ | ၇။ | စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား |
| ၁၇း၃၅ | ၈။ | ဆိုကြမယ်ပျော်ကြမယ် |
| ၁၈း၃၀ | ၉။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ"** (အပိုင်း-၁၀) |
| ၁၉း၂၅ | ၁၂။ | အမျိုးသား ညီလာခံဂုဏ်ပြုတေး |
| ၁၉း၃၅ | ၁၃။ | နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၉း၄၅ | ၁၄။ | ပြည်သူ့အတွက် တပ်မတော် (နတလ၊ ဆက်သွယ်ရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ သာသနာရေး) |
| ၂၀း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်သံသရာ'** (အပိုင်း-၂၉) |
| | ၁၉။ | နှစ်(၆၀) ပြည့်တပ်မတော်နေ့ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ(အခြေခံပညာအဆင့်) |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ် |

## ၁၀ရက်တရားစခန်း

**ရန်ကုန် မတ် ၂၆**

လှည်းကူးမြို့နယ် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ(၂၂၇)၏ ဦးစီးပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာက ကျေးဇူးရှင်အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၃၆)ကြိမ်မြောက် ၁၀ ရက်တရားစခန်းနှင့် အနန္တော အနန္တ ငါးပါးပူဇော်ပွဲကို ဧပြီ၈ရက်မှ ၁၇ရက်အထိ ဥယျာဉ်ကျောင်းတိုက် အောင်မင်္ဂလာရပ်ကွက် လှည်းကူးမြို့နယ်၌ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၇ရက် နံနက် ၈နာရီအရောက် ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

**သဃင်္န်းကျွန်းမြို့နယ်(ဃ)ရပ်ကွက် နတ် သျှင် နောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ်၅ရက် က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်လှိုင်နှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**
(ခရိုင် ပြန်/ဆက်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရေး အလေးထားကြိုးပမ်းဆောင်ရွက် ဒေသနှင့်ကိုက်ညီသည့် ပိုးချည်လုပ်ငန်းအတွက် ပိုးမွေးမြူရေးနှင့် ပိုးစာပင်စိုက်ပျိုး

ရန်ကုန် မတ် ၂၆

**ချင်းပြည်နယ် တီးတိန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၀ရက် နံနက်ပိုင်းက မံဆောင်းတံတားဖွင့်ပွဲအပြီး၌ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး တီးတိန်-ရိဒ်လမ်းပိုင်း မွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုများနှင့် လမ်းသား တိုးချဲ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တီးတိန်-ရိဒ်လမ်းပိုင်း မိုင်တိုင်အမှတ်(၈/၂)မိုင်အတွင်း လမ်းသားပေ၄၀တိုးချဲ့ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၆/၁)မိုင်၌ စက်ယန္တရားကြီးများဖြင့် လမ်းသားပေ၄၀ တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၅/၀) အရောက်တွင် ကုန်းမြင့်ပိုင်းရှုရပ်မှတစ်ဆင့် ရိဒ်လမ်းပိုင်း အခြေအနေများကို ကြည့်ရှုသည်။

ဆက်လက်၍ လမ်ဇန်ကျေးရွာအနီးရှိ မိုင်တိုင်အမှတ်(၄/၂)၌ တောင်ကမ်းပါးယံများကို ဖြိုကွဲ၍ လမ်းပိုင်းအဆင့်မြင့် မွမ်းမံဆောင်ရွက်ထားရှိမှုနှင့် ရေပြွန်တံတားဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တီးတိန်မြို့သို့ရောက်ရှိကြသည်။

## တွေ့ဆုံ

ယင်းနောက် တီးတိန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာ တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ညိုက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ၂၀၀၃-၂၀၀၄ခုနှစ်၊ ၂၀၀၄-၂၀၀၅ခုနှစ် သီးနှံစိုက်ပျိုးမှု ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းဆောင်ရွက်မှု၊ ၂၀၀၄-၂၀၀၅ခုနှစ် ဒေသဝမ်းစာ ဖူလုံရေး လုပ်ငန်းဆောင်ရွက်မှု၊ မျိုးစပါး ဖြန့်ဝေပေးနိုင်မှု ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါးတိုးချဲ့ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ဆောင်းသီးနှံ၊ နှစ်ရှည်သီးနှံနှင့် လက်ဖက်စိုက်ပျိုး ရေးလုပ်ငန်းဆောင်ရွက်မှု၊ နွားနောက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှု၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိမိနှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မကြာမကြာလာရောက်ခဲ့ကြောင်း၊ တီးတိန်မြို့သည် လမ်းပန်းဆက်သွယ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်၍ ချင်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသော ဒေသတစ်ခုဖြစ်ကြောင်း၊ သို့သော် လူတစ်ဦးချင်း ဝင်ငွေပိုမိုတိုးတက် မြင့်မားရေးအတွက် ကြိုးပမ်း အားထုတ်ကြရန်လိုကြောင်း၊ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်ရေးအတွက် နိုင်ငံတော်အကြီးအကဲက စေတနာထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ချင်းပြည်နယ်ကို အခြားဒေသများနည်းတူ ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊တီးတိန်-ရိဒ်လမ်းကို ပိုမိုကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်းရှိ လမ်းတံတားများကို နိုင်ငံတော်က ဘဏ္ဍာငွေမြောက်မြားစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးလျက်ရှိရာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများကပါ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လိုကြောင်း၊

အလားတူ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းကသာမက ဒေသခံပြည်သူများအပိုင်းကပါ ကိုယ့်အားကိုယ်ကိုးပြီး လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက ဤဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရေးအတွက် လမ်းညွှန်မိန့်ကြားထားရာဒေသခံပြည်သူများကလည်း မိမိတို့၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် ပိုးချည်လုပ်ငန်းအတွက်လည်း ပိုးမွေးမြူရေးနှင့်ပိုးစာပင်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းဝင်များက ပံ့ပိုးကူညီရန်လည်း လိုအပ်ကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် တောင်ယာများကို လှေကားထစ်လယ်ယာ၊ကုန်းမြင့်လယ်ယာအဖြစ်ပြောင်းလဲပြီး အထွက်ကောင်းယာစပါးများ စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းတည့် ၁၂နာရီတွင် သိုင်းငင်-တီးတိန်လမ်းပိုင်းရှိ တီးတိန်မြို့အဝင် လမ်းသို့ရောက်ရှိပြီး မြို့အဝင်လမ်းကောင်းမွန်ရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေး၊ ကျောက်ခင်းလမ်းအဖြစ်မှ ကတ္တရာလမ်းအဖြစ် မွမ်းမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဆူဇန်ကျေးရွာအနီးရှိ မိုင်တိုင်အမှတ် (၉/၃)မိုင်အတွင်းရှိ လမ်းပိုင်းအခြေအနေများနှင့် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဖို့ဂိုက်ကျေးရွာအနီး မိုင်တိုင်အမှတ်(၃/၁)မိုင်အနီးရှိ လမ်းပိုင်းအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကလေး-ဖလမ်း-ဟားခါးလမ်းရှိ ကလေး-သိုင်းငင်လမ်းပိုင်း၌ မိုင်တိုင်အမှတ် (၂၅/၀) နှင့် (၂၄/၀)အကြားကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မိုင်တိုင်အမှတ် (၂၀/၅)မိုင်အတွင်း လမ်းချဲ့ထွင်မှုအခြေအနေများနှင့် ကလေး-ဖလမ်း-ဟားခါးလမ်းရှိ ကလေး-သိုင်းငင်လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ကလေးမြို့သို့ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ဝိဇိတာရုံကျောင်း သင်္ကြန်တရားစခန်းပွဲ

**ရန်ကုန် မတ် ၂၆**

ကျေးဇူးရှင် ရွှေတောင်ကျောင်း ဓမ္မရိပ်သာဆရာတော်နှင့် ပါလှဲ့ရွာမကျောင်း ဆရာတော်တို့အား ဦးထိပ်ထား၍ ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာအုပ်စု တာဝကျေးရွာ ဝိဇိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တဥဇ္ဇော (သာသန တက္ကသိုလ-မဟာဓမ္မာစရိယ M.A Buddhism) အရှင်သူမြတ်သည် ဒုတိယအကြိမ် သင်္ကြန်တွင်း ဒုလ္လဘရဟန်းခံယူပွဲနှင့် စတုတ္ထအကြိမ် ကျင်းပသော ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ကြီး၏ တပည့်အနာဂါမ် ဆရာသက်ကြီး ဥပနိဿယ သမထ၊ ဝိပဿနာ အကျင့် ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၂၀ရက် (တန်ခူးလဆန်း၄ရက်မှ ၁၂ ရက်)အထိ ကျင်းပမည်ဖြစ်ရာ ဒုလ္လဘရဟန်းဝတ်၊ တရားစခန်းဝင်လိုသူများ ဧပြီ-၁၂ရက် ညနေအရောက် အထက်ပါ တာဝ ကျေးရွာ ဝိဇိတာရုံကျောင်းသို့ ကြွရောက်နိုင်ကြောင်းသိရသည်။

**(က-ပ)**

# စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ လေ့လာရေး ခရီးသွားရောက်

**ရန်ကုန် မတ် ၂၆**

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ အဖွဲ့ဝင်များသည် မတ်၆ရက်က သန်လျင်မြို့နယ် သမိုင်းဝင် ကျိုက်ခေါက်စေတီ၊ ကျောက်တန်းမြို့နယ် ပါဒကြီးဘုရားများသို့ သွားရောက် ဖူးမြော်ကြပြီး သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာသို့ သွားရောက်လေ့လာကြသည်။ လေ့လာရေးခရီးစဉ်တွင် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းလွင် (မောင်ကြည်သန့်) လေ့လာရေးအဖွဲ့ ခေါင်းဆောင်၊ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် အဖွဲ့ဝင်များအား သက်ဆိုင်ရာ ဂေါပကအဖွဲ့ဝင်များ၊ကျောက်တန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(မော်ဝန်း-ကြည်မြတ်) နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပံ့ပိုးကူညီကြကြောင်း သိရသည်။

**(က-ပ)**

**ကွယ်လွန်သူ ဗိုလ်မှူး မြင့်ရွှေ (ငြိမ်း) အထွေထွေ မန်နေဂျာ မြန်မာ့ဂုန်လျှော်လုပ်ငန်းအား ရည်စူး၍ ဇနီး ဒေါ်အေးအေးသိန်း ကျန်ရစ်သူ မိသားစုက အမှတ်(၂)လမ်းမကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် သုံးသိန်းငါးသောင်းကို ဖေဖော်ဝါရီ၂၈ရက်က လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံရယူစဉ်။** (က-ပ)

# ဝမ်းလျှော၊ ဝမ်းပျက် ရောဂါအကြောင်း အသိပညာပေးဟောပြော

**ရန်ကုန် မတ် ၂၆**

ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို မတ်၁၂ ရက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအတွင်းရေးမှူး ဒေါက်တာ ဆွေဆွေဝင်းက ဝမ်းလျှော၊ ဝမ်းပျက် ရောဂါအကြောင်း အသိပညာပေးဟောပြောသည်။ **(ဝဲပုံ)**

**တက်ရောက်**

ဟောပြောပွဲသို့ ရပ်ကွက်ဥက္ကဋ္ဌများ၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊ အရန်သားဖွားဆရာမများ၊ လူထုကျန်းမာရေးလုပ်သားများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

# မင်းလှ ဓမ္မရိပ်သာကျောင်း သင်္ကြန်တရားစခန်း

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မင်းလှဓမ္မရိပ်သာကျောင်းတွင် သင်္ကြန်၁၀ရက် တရားစခန်းကို ဧပြီ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင်မင်းလှဓမ္မရိပ်သာကျောင်း ပဓာန နာယက ကမ္မဋ္ဌာနာစရိယဆရာတော်က မဟာစည် ဆရာတော်ကြီး၏ ဩဝါဒအတိုင်း မဟာသတိပဋ္ဌာန် အလုပ်ပေးတရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများသည် ဧပြီ ၅ရက်နောက်ဆုံးထား၍ ရိပ်သာဖုန်း-၅၄၀၂၈၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## လက်ဆောင်ပစ္စည်းပေး

**၁၉၆၈ခုနှစ်မှစတင်၍ ဆေးတက္ကသိုလ်(၂)တွင် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသူကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ်၁၃ ရက်က မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ(အေ)၌ ပြုလုပ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြပြီး ကျောင်းသားကျောင်းသူဟောင်းများက ဂါရဝပြု လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။**

(က-ပ)

## ထေရဝါဒ အထူးတရားအလှူ ဓမ္မပူဇာသဘင်ကျင်းပမည်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် ဆင်ရေတွင်းမှတ်တိုင်အနီး အောင်ချမ်းသာဓမ္မာရုံ၌ မတ် ၂၉ ရက်မှ ဧပြီ ၃ ရက် အထိ ခြောက်ရက်တိုင်တိုင် ညစဉ် ည ၇ နာရီတွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ M.A°°(Buddhism)သာသနာ့ တက္ကသီလ မဟာဓမ္မာစရိယ ဆရာတော် အရှင်သူမြတ်က ထေရဝါဒ အထူးတရားအလှူ ပေးလှူမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဝူရှူးနည်းပြဆရာငါးဦး မြန်မာအားကစားသမားများကို လေ့ကျင့်ပေးမည်

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် ၂၀၀၅ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ဝူရှူးပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိရေးကို ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နည်းပြဆရာများကို ငှားရမ်းလေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာ့လက်ရွေးစင်၊ လူငယ်လက်ရွေးစင်နှင့် မျိုးဆက်သစ်ဝူရှူးအားကစားသမားများအား အားကစားနည်းအလိုက် လေ့ကျင့်ပေးမည့် တရုတ်နည်းပြဆရာများအဖြစ် ထောက်လု နည်းပြ Mr. Chen Lun (နန်းချွမ်)၊ Mr. Lin Xi (ထိုက်ချိချွမ်)၊ Mr. Yin Huan (ချန်းချွမ်)၊ Mr. Chen Qin(မျိုးဆက်သစ်လူငယ်လက်ရွေးစင်)နှင့် ဆန်းဆိုနည်းပြ Mr. Hu Guang Chao စုစုပေါင်းနည်းပြဆရာ ငါးဦးတို့က မြန်မာ့ဝူရှူးအားကစားသမား ၅၀ ကျော်ခန့်ကို လေ့ကျင့်ပျိုးထောင်ပေးရန် မတ် ၂၂ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**မြန်မာ့လက်ရွေးစင်၊ လူငယ်လက်ရွေးစင်နှင့် မျိုးဆက်သစ်ဝူရှူးအားကစားသမားများအား လေ့ကျင့်ပေးရန် ရောက်ရှိလာသည့် တရုတ်နည်းပြဆရာ ငါးဦးကို တွေ့ရစဉ်။**

(မြန်မာ့အလင်း)

## ၂၀၀၆ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲများယှဉ်ပြိုင် အီရန်၊ ဘာရိန်း၊ ကူဝိတ်နှင့် ဆော်ဒီအသင်းများအနိုင်ရ

တီဟီရန် မတ် ၂၆

**၂၀၀၆ကမ္ဘာ့ဖလား အာရှဇုန် ခြေစစ်ပွဲများကို မတ် ၂၅ရက်က ယှဉ်ပြိုင်ကစားရာ အီရန်၊ ဘာရိန်း၊ ကူဝိတ်နှင့် ဆော်ဒီအာရေဗျအသင်းတို့ အနိုင်ရရှိခဲ့ကြသည်။**

၂၀၀၆ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲအဖြစ် အုပ်စုရှစ်စုခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အုပ်စုတွင်း ပထမနေရာနှင့် ဒုတိယနေရာရောက်အသင်းများသည် ၂၀၀၆ခုနှစ် ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားနောက်ဆုံးပွဲစဉ်များသို့ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်သည်။ အုပ်စုအသီးသီးမှ တတိယနေရာမှအသင်းများသည် သမုဒ္ဒရာဇုန်မှ စတုတ္ထအသင်းများနှင့် နှစ်ကျော့ကန်ပြီး အနိုင်ရသည့်အသင်းများ နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ရရှိကြမည်ဖြစ်သည်။

မတ် ၂၅ရက်က အဆိုပါအုပ်စုရှစ်အုပ်စုမှ အမှတ်အများဆုံးအသင်း ရှစ်သင်းဖြစ်သည့် အုပ်စု(၁)မှ အီရန်၊ အုပ်စု(၂)မှ ဥဇဘက်ကစ္စတန်၊ အုပ်စု(၃)မှ ဂျပန်၊ အုပ်စု(၄)မှ ကူဝိတ်၊ အုပ်စု(၅)မှ မြောက်ကိုရီးယား၊ အုပ်စု(၆)မှ ဘာရိန်း၊ အုပ်စု(၇)မှ တောင်ကိုရီးယား၊ အုပ်စု(၈)မှ ဆော်ဒီအာရေဗျအသင်းများသည် နှစ်အုပ်စုခွဲကာ ကစားခဲ့ကြသည်။

**အီရန်အသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အီရန်တိုက်စစ်မှူး ဗာဟစ်ဟာရှီမီယန်** (အလယ်) **၏ ထိုးဖောက် ယှဉ်ပြိုင် ကစားမှုကို တွေ့ရစဉ်။** (ဓာတ်ပုံ-အေပီ)

### အီရန်နိုင်

အီရန်အသင်းနှင့် ဂျပန်အသင်းတို့သည် တီဟီရန်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အီရန်အသင်းက ဂျပန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အီရန်အသင်းအတွက် နှစ်ဂိုးစလုံးကို ဂျာမနီနိုင်ငံ ဘေယန်မြူးနစ်အသင်းတွင်ကစားနေသည့် တိုက်စစ်မှူးဗာဟစ်ဟာရှီမီယန်က သွင်းပေးခဲ့ခြင်းဖြစ်သည်။

ဟာရှီမီယန်က ပွဲချိန် ၂၅မိနစ်တွင် ဂျပန်နောက်တန်းလူများကို ထိုးဖောက်ကစားကာ ဖွင့်ဆော်ဦးဂိုးသွင်းပေးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဂျပန်အသင်းအတွက် ချေပဂိုးကို ကွင်းလယ်ကစားသမား တာကာရှိဖူကူနစ်ရှိက ဒုတိယပိုင်းတွင်သွင်းပေးခဲ့၍ သရေဖြစ်သွားပြန်သည်။

အီရန်အသင်း ကစားသမားများ အကြိတ်အနယ် တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၇၅မိနစ်တွင် ဟာရှီမီယန်ကပင် အီရန်အသင်း အတွက် ခေါင်းတိုက်ဂိုးဖြင့် အနိုင်ဂိုးသွင်းပေးလိုက်သည်။

### ဘာရိန်းနိုင်

မြောက်ကိုရီးယားကွင်း၌ ဘာရိန်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ဘာရိန်းအသင်းအတွက် နှစ်ဂိုးစလုံးကို ဟူစိန်အလီက သွင်းပေးခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားအသင်းအတွက် ချေပဂိုးကို ပွဲချိန်၆၃မိနစ်တွင် ပတ်ဆောင်ကွမ်က သွင်းပေးခဲ့ခြင်းဖြစ်သည်။

အီရန်နှင့်ဘာရိန်းအသင်းတို့သည် ပြီးခဲ့သောလက ဂိုးမရှိသရေပွဲများ ကစားခဲ့၍ အုပ်စု(ခ)တွင် လေးမှတ်စီရခဲ့သည်။

ဂျပန်အသင်းနှင့်ဘာရိန်းအသင်းတို့သည် ဗုဒ္ဓဟူးနေ့တွင် ဆိုက်တာမာကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

### ကူဝိတ်နိုင်

ကူဝိတ်အသင်းနှင့်ဥဇဘက်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ကူဝိတ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ကူဝိတ်အသင်းအတွက် အနိုင်ဂိုးများကို ကူဝိတ်တိုက်စစ်မှူးဘာရာအဗ္ဗူအဇစ်က ပွဲချိန် ခုနစ်မိနစ်တွင် တစ်ဂိုး၊ ၆၃မိနစ်တွင် တစ်ဂိုးသွင်းပေးခဲ့သည်။

ဥဇဘက်အသင်းအတွက် ချေပတစ်ဂိုးကို ၇၇မိနစ်တွင် ဂျာနစ်က သွင်းပေးခဲ့သည်။

### ဆော်ဒီနိုင်

ဆော်ဒီအာရေဗျအသင်းသည် အိမ်ကွင်း၌ တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ကစားပြီး အုပ်စု(က)တွင် ဦးဆောင်နေသည်။

ဆော်ဒီကွင်းလယ် ကစားသမား ဆော့ဒ်ခါရီရီက ၂၉မိနစ်တွင် အနီးကပ်ဂိုးကန်သွင်းပေးခဲ့သည်။ ဆော်ဒီအသင်းအတွက် ဒုတိယမြောက် ဂိုးကို တောင်ကိုရီးယားနောက်ခံလူ ပတ်ဒေါင်းယု အဖျက်ကြမ်း၍ ၆၅မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရရာမှ အယ်လ်ကွာတာနီက သွင်းယူလိုက်ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျအသင်းသည် နှစ်ပွဲကစား လေးမှတ်ရထားပြီး တောင်ကိုရီးယားအသင်းက ပြီးခဲ့သောလတွင် ကူဝိတ်ကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့၍ သုံးမှတ် ရထားသည်။ ဆော်ဒီအသင်းသည် ပြီးခဲ့သောလက ဥဇဘက်ကစ္စတန်အသင်းကို တစ်ဂိုးစီသရေကျခဲ့သည်။ **ရိုက်တာ။**

## ကမ္ဘာ့တစ်လွှား အားကစား

## ဘာစီလိုနာအသင်း၁၁မှတ်အသာရပြီး ဇယားထိပ်ဆုံးသို့ရောက်ရှိနေ

**မက်ဒရစ် မတ် ၂၂**

ပရီမီယာလီဂါဘောလုံးပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ဒီပို့တီဗိုတို့ ယှဉ်ပြိုင်ကစားရာ ၁၀ ယောက်တည်းဖြင့် ကစားသည့် ဘာစီလိုနာက ဒီပို့တီဗိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဇယားထိပ်တွင် ၁၁ မှတ်အသာဖြင့် ရပ်တည်လျက်ရှိသည်။

ဘာစီလိုနာကစားသမား ရာဖေးလ်မာကွက်ဇ် ၅၁မိနစ်တွင် ထွက်သွားရပြီးနောက် ပြင်သစ်ကွင်းလယ်ကစားသမား ဂူလီက ဘာစီလိုနာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းပေးခဲ့သည်။ **ရိုက်တာ။**

## ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပစ္ဆိမာရုံပါဠိတက္ကသိုလ် စာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ ဂုဏဝိသိဋ္ဌပူဇော်ပွဲသဘင် အခမ်းအနားကို အဆိုပါကျောင်းတိုက်အတွင်းရှိ ကျောက်တော်ကြီးဘုရားတန်ဆောင်းအတွင်း၌ မတ် ၂၁ရက်က ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ ကုဏ္ဍလ ဓောတိ ဆရာတော်ကြီး ဦးဆောင်၍ ပင့်သံဃာများ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးနေဝင်းနှင့်တပည့် ဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချလှူဒါန်းကြသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၇-၃-၂၀၀၅ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“စိတ္တာနုပဿနာ သတိပဋ္ဌာန်”**

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်
- ၄:၄၅ ၆။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Macroeconomics Policy Objectives and Instuments. (စီးပွားရေး၊ ပြည်သူ့ရေးရာ)
- ၅:၁၅ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
- ၅:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမြွှာနဲ့ကြမ္မာ (အပိုင်း-၅)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မြန်မာ့ရှုခင်း
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ **မြဝတီအငြိမ့်ဖျော်ဖြေမှု အစီအစဉ်**

## သမတကမ်းခြေတရားစခန်း

**ရန်ကုန် မတ် ၂၆**

လယ်တီမူအနာဂမ်ဆရာသက်ကြီး နည်းမဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးသန်း(ဒလပျော်ဘွယ်ကြီး)၏ မူလတရားရိပ်သာဖြစ်သော သမတကမ်းခြေသင်္ကြန်တရားစခန်းကို ဧပြီ၁၃ရက်မှ ၁၉ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၂ရက် ညနေမှစ၍ ဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ဂုဏ်ပြုကျေးဇူးတင်လွှာ

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၃-၃-၂၀၀၅ရက်နှင့် ၂၆-၃-၂၀၀၅ရက်များတွင် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီသို့ အလှူငွေကျပ် ၄၃၂၀၀၀၀နှင့် ပစ္စည်းတန်ဖိုး ၉၃၀၀၀၀ စုစုပေါင်းငွေသားနှင့် ပစ္စည်းတန်ဖိုး ၅၂၅၀၀၀၀ကို ပေးပို့လှူဒါန်းခဲ့ကြသည့်အတွက် အောက်ဖော်ပြပါအလှူရှင်များအား ကျေးဇူးတင်လွှာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်-

- သန်လျင်မြို့၊လောကနတ်ပရဟိတ နတ်စင်တစ်ရာကျောင်း ဆရာတော် ဦးပညာတေဇာဆန်အိတ်၅၀ — ၄၀၀၀၀၀ိ/-
- ဖြူးဆရာတော် ဘဒ္ဒန္တနရပတိနှင့်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝါဒ ဓမ္မရက္ခိတဖြူးမဟာစည်သာသနရိပ်သာ၊ ရန်ကုန်မြို့က ငွေကျပ် ၁၅၀၀၀၀နှင့် ကျပ်ရှစ်သောင်းတန်ဖိုးရှိ ဆန်အိတ် ၁၀အိတ် — ၂၃၀၀၀၀ိ/-
- Higem and Jade Co., — ၁၀၀၀၀၀၀ိ/-
- Super Sein Co., — ၅၀၀၀၀၀ိ/-
- New Jade Co., — ၅၀၀၀၀၀ိ/-
- မြင့်ထက်ဇော်ကုမ္ပဏီ — ၅၀၀၀၀၀ိ/-
- Ever Winner Co., — ၅၀၀၀၀၀ိ/-
- Luckey Star Co., — ၅၀၀၀၀၀ိ/-
- ဦးစိန်ဦး စိန်အင်တာပရိုက် ထုတ်ကုန်/သွင်းကုန် ကုမ္ပဏီလီမိတက်က စိန်မင်း အကြောဖြေလိမ်းဆေးဆီ ၂၂၅၀ ဘူး — ၃၀၀၀၀၀ိ/-
- ဦးခိုင်-ဒေါ်ဝိုင်းဝိုင်းနွဲ့နှင့် ဝန်ထမ်းမိသားစု Golden Lion Wire Co.,Ltd. — ၂၅၀၀၀၀ိ/-
- ရန်ကုန် -ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ — ၂၀၀၀၀၀ိ/-
- ဦးမြင့်အောင်-ဒေါက်တာဒေါ်တင်တင်အုန်း ရေဦးမြို့ စစ်ကိုင်းတိုင်းက ကြေးပွတ်ဆေး ၅၀ ဘူး — ၁၅၀၀၀၀ိ/-
- ဦးချစ်စိန်နှင့်သားများ ကုန်မာဆိုင် အမှတ် ၈၁ ဗိုလ်မင်းရောင်လမ်း မီးရထားရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် — ၁၀၀၀၀ိ/-
- ဦးသန်းညွန့် ကြူလီယားမွတ်ဆလင် သာသနာရေးအသင်း အမှတ် ၂၃၆/၂၄၀ ဗိုလ်ဆွန်ပက်လမ်း ရန်ကုန် — ၂၀၀၀၀ိ/-
- အမှတ် -၄၉၉၈၄ ဦးမင်းအောင်(စစ်မှုထမ်းဟောင်း) အမှတ် ၁၅၄ အကွက် ၃၆၊ ပင်လုံလမ်းမကြီး ဒဂုံမြောက်ပိုင်း — ၁၀၀၀၀ိ/-

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ**

## ၁၁-၃-၂၀၀၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးတင်ဦး (အထွေထွေမန်နေဂျာ) Asia Japan Group Co., Ltd.နှင့် အများသိစေရန်ကြော်ငြာကို ပြန်လည်ရုပ်သိမ်းခြင်း

Asia Japan Group Co., Ltd.မှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ကျွန်တော်ဦးအေးကိုကိုနှင့်အထွေထွေမန်နေဂျာ ဦးတင်ဦးတို့သည် ယခုအခါ နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းဖြေရှင်းခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ၁၁-၃-၂၀၀၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာကို ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ အဆိုပါ ကြော်ငြာကြောင့် ဦးတင်ဦးနှင့်၎င်း၏ မိသားစု နစ်နာထိခိုက်မှုများရှိခဲ့ပါက ကျွန်တော့်အနေဖြင့် အနူးအညွတ် တောင်းပန်အပ်ပါသည်။

**ဦးအေးကိုကို**
**အုပ်ချုပ်မှုဒါရိုက်တာ**
**Asia Japan Group Co., Ltd.**

## ဖခင်အမည်မှန်

အထက(၄)၊ မြောက်ဥက္ကလာပ၊ ပဉ္စမတန်း (A) မှ မခွန်းချိုဇင်နှင့် အဋ္ဌမတန်း(B)မှ မောင်အောင်အောင် တို့၏ ဖခင်အမည်မှန်မှာ ၁၂/ဥကမ(နိုင်)၀၇၈၃၂၂ အရ ဦးအေးမြင့် ဖြစ်ပါသည်။ **ဦးအေးမြင့်။**

## ပေါင်းတည် ဘိုးဘွားရိပ်သာ စိန်ရတုပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၆**

ပေါင်းတည် ဗုဒ္ဓဘာသာ သူအိုရုံ (ဘိုးဘွားရိပ်သာ) ကို ဒေါ်ဦးဇွန်း စတင်တည်ထောင်ခဲ့သည်မှာ (၇၅)နှစ် ပြည့်မြောက်ပြီဖြစ်၍ စိန်ရတု အခမ်း အနားကို မတ် ၂၉ ရက်တွင် ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

## သဲအင်းဂူ သင်္ကြန်အထူးတရားစခန်း

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ သင်္ကြန်ကာလ အထူးတရားစခန်းကို ဧပြီ ၉ရက်မှ ၁၇ရက်အထိ ကိုးရက် ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုကြသော ယောဂီများသည် ကြိုတင်စာရင်း ပေးသွင်း၍ လာရောက် တရားအားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

## မွေးနေ့မင်္ဂလာဆုမွန်လွှာ

မောင်ရဲထွဋ်စိုး၏ ၂၇-၃-၂၀၀၅ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် တိုင်းပြည်တာဝန်ထမ်းဆောင်နိုင်ပြီး မိသားစုနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

- **ဖေဖေ** – **ဒေါက်တာကျော်စိုး(မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ ကန့်ဘလူမြို့)**
- **မေမေ** – **ဒေါ်ဆန်းဆန်း**
- **မမကြီး** – **ဇင်မွန်မွန်စိုး**
- **ညီမလေး** – **ခိုင်မွန်မွန်စိုး**
- **ဘဘ** – **ဗိုလ်ကြီးကျော်ဇော်(ငြိမ်း)၊လက်ထောက်အထွေထွေမန်နေဂျာ**
- **အန်တီ** – **ဒေါ်ဝင်းဝင်းဌေး**
- **ကိုကိုကြီး** – **မြင့်မြတ်ဇော်**
- **ကိုကိုလေး** – **ရန်ရှင်းလင်း**
- **မမ** – **ချစ်ကြည်ငြိမ်း။**

## မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန် ခေါ်ယူနေပါသည်

ရွှေအင်း၀ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော **Today Top Star Co., Ltd.** ပြည်ပအလုပ်အကိုင် ရှာဖွေရေးလုပ်ငန်းမှ မလေးရှားနိုင်ငံအတွက် အောက်ပါလုပ်သားများ လိုအပ်လျက်ရှိပါသည်။

**ပရိဘောဂစက်ရုံ အမျိုးသား ၂၀ ဦး**

၁။ အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ၊
၂။ အသက်(၂၀-၃၅)နှစ်ကြား၊
၃။ တစ်ရက်လျှင် လစာ ၂၈ ရင်းဂစ်၊
အလုပ်လုပ်ရက်များအတွက် စားစရိတ် တစ်ရက် ၁ ရင်းဂစ်၊
ရက်မှန်ကြေး တစ်လလျှင် ၃၀ ရင်းဂစ်ရရှိမည်။
၄။ ဝန်ဆောင်ခမှာ ကျပ်ခြောက်သိန်းခွဲဖြစ်၍ နိုင်ငံကူးလက်မှတ်မရှိသေးသူများအတွက် စီစဉ်ပေးမည်။
၅။ စက်ရုံပိုင်ရှင်မှ ၂၀၀၅ ခုနှစ် ဧပြီ ၆ ရက်တွင် ကိုယ်တိုင်လာရောက်ရွေးချယ်မည်ဖြစ်၍ ဧပြီ ၂ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**အသေးစိတ်သိရှိနိုင်ရန်**

**Today Top Star Co., Ltd.**
**ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း**
**တတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းမီးပွိုင့်၊ ကမာရွတ်၊**
**ဖုန်း-၅၀၀၅၄၇၊ ၅၀၀၅၄၈၊ ၅၃၄၇၂၁သို့**
**လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။**

## လက်ဆပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့နေ
[illegible]
**အနုရှ**
နှင့်
[illegible]
[illegible]
**[illegible]**
[illegible] ၂၆-၃-၂၀၀၅ ရက် [illegible]
The Strand Hotel, Strand Grill ခန်းမ၌
[illegible]
[illegible]
[illegible]

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်
ဗိုလ်မှူးကြီးမောင်ပါ-ဒေါ်ခင်ညွန့်မြိုင်တို့၏သား

**ဗိုလ်ကြီးအောင်ကျော်ထွန်း**
**M.B.,B.S (D.S.M.A) M.Med.Sc (Surgery) Final Year**
**အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)**

နှင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးယဉ်ထွေး-ဒေါ်အယ်(လ)ဂျာခေါ် (လ/ထမန်နေဂျာ၊ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ တောင်ကြီးမြို့)တို့၏သမီး

**မအိရွှေစင်**
**B.Sc (Zool) Q-Credit, M.Sc., (Biotechnology)**

တို့ကို ၂၅-၃-၂၀၀၅ရက် (သောကြာနေ့)တွင် မော်ကွန်းတင် ထိမ်းမြားလက်ထပ်ပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်ခင်နီတို့အားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုး ဆောင်ရွက်ပေးကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့အားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကပ်လှူရာတွင် ကူညီဆောင်ရွက်ပေးသော နှင်းဆီကုန်းဘိုးဘွားရိပ်သာအဖွဲ့အားလည်းကောင်း၊ ၂၆-၃-၂၀၀၅ရက် (စနေနေ့) Sedona Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိမင်္ဂလာ ညှော်ပရိသတ်များနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော အေဝမ်းဦးစိုးမြင့်နှင့်အနုပညာရှင်များအဖွဲ့၊ ဆံပင်နှင့်မိတ်ကပ်အလှဆင် အောင်အောင်၊ ကိုမာ၊ ပန်းအလှဆင် နီနီ(ပွိုင့်)၊ မင်္ဂလာဝတ်စုံအလှဆင် ကိုမြင့်စိုး၊ မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်သရုပ်ဆောင် ပပဝင်းခင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော ရုပ်ရှင်သရုပ်ဆောင် ရတနာခင်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မသဥ္ဇာဝင်းခင်၊ သတို့သားအရန် ဗိုလ်ကြီးနေလင်းဆွေနှင့် ဗိုလ်ကြီးအောင်မျိုးဇော၊ သတို့သမီးအရန် နန်းစုစုကြည်နှင့် နန်းခိုင်သဇင်ကြည်၊ ဗီဒီယိုဓာတ်ပုံ မှတ်တမ်းတင် မမော်မော်ညိုနှင့်အဖွဲ့၊ မြသဇင်ပုံနှိပ်တိုက်မှ ဦးမြင့်ဦး၊ ဒေါ်သင်းသင်းကြိုင်၊ မေတ္တာဖြင့် သတို့သမီးလက်ဝတ်ရတနာဆင်မြန်းပေးသော ဆယ်ပွင့်ပန်းရတနာမှမအေးအေးသက်နှင့် မပေါက်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးအောင်ကျော်ထွန်း-မအိရွှေစင်။**

## မင်္ဂလာဦးဆုတောင်း

ဗိုလ်ကြီးအောင်ကျော်ထွန်းနှင့်မအိရွှေစင်တို့၏ ၂၅-၃-၂၀၀၅ရက် မင်္ဂလာဦးရက်မြတ်မှစ၍ နောင်နှစ်ပေါင်းရာကျော်တိုင် ပျော်ရွှင်ချမ်းမြေ့စွာ လက်တွဲနိုင်ကြပါစေ။

- **ဖေဖေ** – **ဗိုလ်မှူးကြီးမောင်ပါ(ဒုတိယမြို့တော်ဝန်)**
- **မေမေ** – **ဒေါ်ခင်ညွန့်မြိုင်(အထက်တန်းပြဆရာမ၊ငြိမ်း)**
- **ကိုကြီး** – **ဒေါက်တာနိုင်ဝင်း(ကျော်ဇေယျာကုမ္ပဏီ)**
- **မကြီး**– **ဗိုလ်မှူးအောင်ကျော်စိုး-ဒေါက်တာသီတာလွင်(ဒဂုံအထူးကုဆေးခန်း)**
- **မလေး** – **ဗိုလ်ကြီးကျော်ကျော်ထွန်း-ဒေါက်တာခင်ညိုမီလွင်(ပုပ္ပားအထူးကုဆေးခန်း)**
- **တူမများ** – **ချစ်စုစုလွင်၊ မေမြတ်ဆုပြည့်။**

## (၂၂)နှစ်မြောက် မင်္ဂလာဆုတောင်း

မြောင်းမြမြို့နေ ဖေဖေ **ဦးကိုကို** (သင့်မိတ်ဆွေဆန်စက်)နှင့် မေမေ **ဒေါ်ညွန့်ညွန့်သန်း** (ရွှေမိုး ငွေမိုး ရတနာရွှေဆိုင်) တို့၏ (၂၂)နှစ်မြောက် မင်္ဂလာမှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုများတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးများတိုးပွားအောင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**သားကြီး** – **သုတကိုကို**
**[နောက်ဆုံးနှစ်၊အပိုင်း(ခ)၊ဆေးတက္ကသိုလ်၊ မကွေးမြို့]၊**
**သားလေး**– **စွမ်းထက်ကိုကို(ပထမနှစ်၊ ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်မြို့)။**

## စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၆**

သာကေတမြို့နယ်ဂိုဏ်းပေါင်းစုံ ပရိယတ္တိစာမေးပွဲ (၁၄)ကြိမ်မြောက် စာအောင်သံဃာတော် ၁၀၃ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၇ရက် ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ပါရမီဖြည့်ဖက်များ၏ စွမ်းအင်

၂၀၀၅ခုနှစ်အတွက် တပ်မတော်နေ့ကို ကြိုဆိုခဲ့ရပြန်လေပြီ။ ပန်းခရေ၊ ပန်းသပြေတွေ လှိုင်လျက် ကြိုင်လျက် သင်းချေပြီ။ သည်လိုအချိန်ရောက်ပြီဆိုလျှင် တပ်မတော်သားများသည် တစ်နှစ်တစ်ကြိမ် နေ့ထူးနေ့မြတ်မှာ အင်အားအပြည့်ဖြင့် ချီတက်နိုင်ရန် လိုအပ်သည်များကို ပြင်ဆင်ကြရသည်။

ထို့အတူ ကျွန်မတို့ အမျိုးသမီးမိသားစုများကလည်း အစ်ကိုမောင်ဖွား စစ်သည်များ ပင်ပန်းနွမ်းနယ်မှု ပြေပျောက်စေရန် အောင်သပြေပန်းများ ကမ်းလှမ်းခြင်း၊ အမွှေးနံ့သာများ ပက်ဖျန်းခြင်းဖြင့် ပြည်သူများနှင့်အတူ လမ်းဘေးဝဲယာမှာ မနက်မိုးမလင်းခင် ကတည်းက စောင့်မျှော်၍ ကြိုဆိုကြရသည်မှာ အလွန်ပင်ပျော်စရာ၊ ကြည်နူးစရာ ကောင်းလှပါသည်။

တကယ်တော့ တပ်မတော်သည် တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် ကာကွယ်ရေးတာဝန်ကို ယူလာရသည်မှာ နှစ်ပေါင်းရှည်ကြာခဲ့လေပြီ။ ကာကွယ်ရေးနှင့်လုံခြုံရေးကို တစိုက်မတ်မတ် အဓိကထားပြီး နိုင်ငံတော်အတွက် ဆူးပြောင့်ခလုတ်မှန်သမျှ တိုက်ခိုက်ချေမှုန်းနေသည့် အစဉ်လန်းဆန်းတက်ကြွနေသော ပြည်သူ့တပ်မတော် ဖြစ်သည်။ တိုင်းပြည်အတွက် ကောင်းမြတ်သော အကျိုးသက်ရောက်မှုကို အများဆုံးပေးနိုင်သူသည် တပ်မတော်သာဖြစ်သည်။ ထိုသို့ နိုင်ငံတော်အတွက် ရင်ကိုမြေကတုတ်၊ ဆူးကိုမွေ့ရာ၊ အရိုးကြေကြေ အရေခန်းခန်း စွမ်းစွမ်းတမံ လုပ်အားကိုယ်စီရှိရန် ကျွန်မတို့ မိသားစုဝင် ရဲမေများကလည်း ဦးထမ်းပဲ့ရွက်ဆိုသလို တပ်မတော်သားများအတွက် ပါရမီဖြည့်၍ တပ်တွင်းစည်းလုံးမှု၊ ချစ်ခင်လေးစားမှုများနှင့် တကယ့်သွေးရင်းသားရင်းများ စုဝေး၍ တပ်လုပ်ငန်းများမှာ ပါဝင်ရသည်။ လုပ်အားများဖြင့် တပ်ရင်း၏အင်အားကို၊ တပ်၏စွမ်းဆောင်မှုများကို ထက်မြက်စေရန် အားပေးကူညီခဲ့ရသည်မှာ ကျွန်မတို့ မိသားစုဝင်များ၏ တာဝန်ပင်ဖြစ်သည်။

တိုင်းပြည်၏ အင်အားဖြစ်သည့် တပ်မတော်မှ ဇာနည်မောင်ဖွား စစ်သည်များ စွမ်းအားထက်မြက်စေရန်အတွက် ရဲမေနှင့်မိသားစု ၊ သားသမီးများသည်လည်း ပါရမီဖြည့်ဖက်များအဖြစ် အမှန်ပင်လိုအပ်လှသည်။ ရှေ့တန်းမှာ အောင်မြင်မှုရရှိစေရန်၊ နောက်ပိုင်းကိစ္စမှန်သမျှမှာ နောက်ဆံမတင်းရခြင်းကလည်း ရှေ့တန်းစစ်သည်များအတွက် အင်အားအပြည့်အဝ မဟုတ်သည့်တိုင် တစ်စိတ်တစ်ဒေသတော့ ပါဝင်သည်။ နောက်တန်းရှိ မိသားစုများဘက်မှ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေး၊ နေထိုင်ရေးနှင့် စားသောက်ရေးအားလုံးကို တာဝန်ယူ၍ စီမံခန့်ခွဲ ပြုလုပ်လျက်ရှိနေသည့် ကျွန်မတို့၏ရဲမေများသည် စစ်သည်များအတွက် စိတ်ဓာတ်အင်အားကို ဖြည့်စွမ်းပေးနိုင်ရန် အစဉ်အမြဲ ကြိုးစားရသည်။

ကျွန်မတို့၏ ရဲမေမိသားစုများမှာ အရာရာတွင် နေတတ်၊ စားတတ်အောင် ခြိုးခြံနေထိုင်ရသည်။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသလို ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရတာလေးနှင့်ဝအောင်စားပြီး မိသားစုဖူလုံရေးကို တစ်ဖက်တစ်လမ်း ပြည့်စုံအောင် နေထိုင်ရသည်။ တပ်တွင်းမှ စည်းကမ်းဘောင်အတွင်းမှာ ပြုလုပ်ရမည့်လုပ်ငန်းပိုင်းမှာလည်း တစ်ပိုင်တစ်နိုင်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို တစ်အိမ်ထောင်၊ သို့မဟုတ် အိမ်ထောင်သည် မိသားစုများ စုပေါင်း၍စိုက်၊ စုပေါင်း၍ ရေလောင်းကာ ထွက်ပေါ်လာသည့် သီးနှံများကို ဝေမျှစားသောက်ကြရသည်။ မရှိမဖြစ်သည့် အဓိကပစ္စည်းမှာ ဆန်၊ ဆား၊ ပဲနှင့်ငရုတ် စသည်များကို တစ်လစာ၊ သို့မဟုတ် လတစ်ဝက်စာတော့ သိုလှောင်ထားကြရသည်။

သားသမီးများကို ကျွေးမွေးပြုစု မြေတောင်မြှောက်၍ ပညာထူးချွန်၍ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တိုင်းပြည်အတွက် ထူးချွန်ထက်မြက်သော သားကောင်း၊ သမီးကောင်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် စိတ်ပျော်ရွှင်နိုင်ရေးတို့အတွက် ရဲမေတို့၏လုပ်ဆောင်မှုသည် စစ်သည်များအတွက် အားဆေးတစ်ရပ်သဖွယ် ဖြစ်သည်။ ထိုမျှသာမကသေး လိုင်းသန့်ရှင်းရေး၊ အိမ်တွင်းသန့်ရှင်းရေး၊ တစ်တပ်လုံး၏ စိမ်းလန်းစိုပြည်ရေးတို့သည် ရဲမေများ၏ လုပ်အားနှင့် အများဆုံး အသုံးပြုရသည်။ ရဲမေတို့သည် တပ်ထဲနေထိုင်ရသည့် အချိန်မှစ၍ တပ်ကိစ္စမှန်သမျှကို မညည်းမညူ မတွက်ကပ်ဘဲ မိမိတို့ခင်ပွန်းသည်များ၏ ကိုယ်စား စိတ်ပါလက်ပါ လုပ်ဆောင်ကြရပေသည်။

တပ်တွင်းရဲမေများလိုင်းကို တပ်ရင်းအရာခံဗိုလ် ဆရာကြီးက အနီးကပ် ထိန်းသိမ်းအုပ်ချုပ်၍ စည်းကမ်းပိုင်းနှင့် လုံခြုံရေးကို တိတိကျကျ လုပ်ကိုင်ရသည်။ အကြောင်းကိစ္စရှိက ဆရာကြီးကို အားကိုးရသည်။ ရေး၊ ထောက်ပိုင်းတာဝန်ရှိ အရာရှိများသည် တပ်ရင်းမှူး၏လမ်းညွှန်မှုကို တစ်သဝေမတိမ်း တိကျစွာလုပ်ဆောင်၍ တပ်ရင်းအရာခံဗိုလ်မှတစ်ဆင့် လိုင်းတာဝန်ခံရဲမေများကို တာဝန်ပေး၍ ကြီးကြပ်ခိုင်းသည်။ လိုင်းတစ်လိုင်း၏ ထိပ်ဆုံး၌နေရသူဝါရင့်ဆရာကတော်မှအစ ရဲမေအထိ လိုင်းတာဝန်ယူရသည်။ အကြောင်းကိစ္စရှိလာတိုင်း တာဝန်ယူ၍ ဆရာကြီးထံ သတင်းပို့ရသည်။

နောက်တန်းတာဝန်ခံ အရာရှိ၊ အရာခံများ၊ အကြပ်၊ စစ်သည်များနှင့် အင်အားအများစုဖြစ်သော ရဲမေများ၏စွမ်းအားဖြင့် တစ်ပတ်လျှင်တစ်ကြိမ် သန့်ရှင်းရေး လုပ်ကြရသည်။ တပ်တွင်းသာရေး၊ နာရေးကိစ္စများ၊ ဆေးရုံ၊ ဆေးခန်းကိစ္စများ စသည်ဖြင့် အားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ကြသည်။ ကိစ္စအကြောင်းကြီးငယ်များကို အဆင့်လိုက် တာဝန်ပေးခွဲဝေမှုမှာလည်း ညီညွတ်မှုရှိကြသည်။ အလွန်ပင် စိတ်ပျော်ရွှင်စရာ ကောင်းလှသည်။ အားကစားပွဲများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာအတွက် တပ်ရင်းမှူးကတော်၏ ဦးဆောင်မှု နည်းပေးလမ်းပြ မှန်သမျှသည် ကျွန်မတို့ရဲမေများအတွက် အရာရာမှာ ကူညီပံ့ပိုးမှုများ ရရှိနေသည်။

မိသားစု တစ်စုနှင့်တစ်စုသည် နေ့ရောညပါ ကူညီကြသည်။ ချစ်ခင်ကြသည်။ ယင်းတို့သည်ပင် လူ့ဘဝ၏အနှစ်သာရ ဖြစ်သည်။ လူသည် လူ့အသိုင်းအဝိုင်းနှင့် လိုက်လျောညီထွေ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရခြင်းမှာ လူ့ဘဝအတွက် တန်ဖိုးတစ်ခုပင်ဖြစ်သည်။ ရဲမေများသည် ဆရာကြီးကတော်များ၏ နည်းနာနိဿယများကို ယူ၍လိုက်နာရသည်။

## မန်းခင်ခင်

ရဲမေများသည် မိမိတပ်ရင်းတပ်ဖွဲ့ကို ချစ်ခင်ကြသည်။ တွယ်တာကြသည်။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းဆိုသလို နီးစပ်ရာ နီးစပ်ရာ အတူနေဘဝတူများမို့ ပို၍ချစ်ခင်ရသည်။ မိမိခင်ပွန်း ရှေ့တန်းထွက်သည့်အခါ တပ်တွင်းနေ တပ်ရင်းမှူးကတော်မှအစ ရဲမေအထိ တစ်ဦးကိစ္စတစ်ဦး ဝိုင်းဝန်းကူညီ၍ ဆိုးတူကောင်းဖက် နေရသည်မှာ ပျော်ရွှင်စရာ ကောင်းလှသည်။

ကျွန်မတို့ငယ်စဉ်က တပ်ထဲတွင်နေရမည်ဟု လိုက်ပါသွားသည့်အခါ ဘာပစ္စည်းမှ မသယ်နိုင်ပါ။ ကုန်းတစ်တန်၊ ရေတစ်တန်သွားရတော့ တော်ရုံသင့်ရုံနှင့် နေရသည်။ သို့သော် တပ်မှပေးထားသော အိမ်နှင့် ပရိဘောဂလေးနှင့် ကြမ်းကိုပြောင်အောင်တိုက်ပြီး ကြမ်းပေါ်မှာ သင်ဖြူးခင်းပြီး ခေါင်းအုံးကလေးနှင့်ပင် နေရသည်မှာ အရသာရှိလှသည်။ တပ်တွင်းရှိ ရဲမေများနှင့် မရှိအတူ ရှိအတူ ပျော်ရွှင်စွာနေခဲ့ကြရသည်။ အဲဒီအချိန်က အသက်အရွယ်ကလည်း ငယ်သူဘဝ၊ ငွေရှိမှု၊ မရှိမှု၊ ရာထူးကိစ္စ၊ ပြောင်းရွှေ့ကိစ္စများ ဘာမှနားမလည်ခဲ့ကြပါ။ ဘာမှလည်း တွေးပြီးမပူတတ်ပါ။ ထိုအချိန်က စစ်ဆင်ရေးအလွန်များသောအချိန်ဖြစ်သည်။ ယောကျ်ားများအနေနဲ့လည်း သူ့တာဝန်သူ ကျေပွန်စွာ အထူးဂရုစိုက် ထမ်းဆောင်ကြရသည်။ အမျိုးသမီးများလည်း တစ်လတစ်ကြိမ် စာနှင့် စားစရာ၊ ဆေးလိပ်တို့ကို ရသည့်လစာထဲမှ ဝယ်ခြမ်းကာ ပို့ပေးရသည်။ ရှေ့တန်းစစ်သည်များကလည်း လစာပေးအဖွဲ့အလာကို မျှော်ကြသည်။

ကျွန်မ၏ ခင်ပွန်းတပ်တွင် အဖြစ်အပျက် ကလေးတစ်ခု တွေ့ကြုံခဲ့ဖူးသည်။ မထင်မှတ်သော အဖြစ်အပျက်ကလေးပေမယ့် ဒါဟာ အလွန်အရေးကြီးပါသည်။ ပညာလည်းရပါသည်။ တပ်ရင်းမှူးကတော်က ရှေ့တန်းမှာရှိသော ခင်ပွန်းသည်အတွက် စာလေးတစ်စောင်ကို နေထိုင်ကောင်းကြောင်း၊ တပ်မှာ နေထိုင်ရတာ အဆင်ပြေကြောင်း၊ လုပ်ငန်းအဆင်ပြေစေရန်နှင့် ကျန်းမာစေရန် ဆုတောင်းကြောင်း၊ ရဲဘော်များအတွက်၊ စစ်သည်အားလုံးအတွက် ဆုတောင်းကြောင်း၊ သားသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ သွားလာနေထိုင်ရေးကို တပ်မှစီစဉ်ပေးမှုဖြင့် အဆင်ပြေကြောင်း ရေးထားသောစာကို တပ်ရေးဗိုလ်ကြီးမှတစ်ဆင့် ပေးလိုက်ပါသည်။ ထိုပေးလိုက်သည့်စာကို လုံခြုံစိတ်ချရအောင် လစာကြပ်က ရိုသေစွာ သေချာသိမ်းဆည်း သီးသန့်ထားရှိပြီး ရှေ့တန်းခရီး ထွက်သွားသည်။ ရဲမေများ၏ ပေးသောစာနှင့် ပစ္စည်းများကိုလဲ တစ်ပါတည်းယူသွားသည်။

ရှေ့တန်းရောက်တော့ စစ်သည်များအတွက် ပစ္စည်းနှင့်စာများကို ထုတ်ပြီး တပ်ရင်းမှူးရှိရာသို့ သွားရောက်၍ တပ်ရင်းမှ မှာကြားလိုက်သော အလုပ်ကိစ္စများကို သတင်းပို့ရန် ရောက်ပါသည်။ ထိုအခါတွင် လစာကြပ်အား တွေ့မြင်လေသော် တပ်ရင်းမှူးက တပ်မှတပ်မိသားစုများနေကောင်းကြရဲ့လားဟုမေးပြီး သူတို့အိမ်မှပေးလိုက်သော စာနှင့်ပစ္စည်းများကို မြန်မြန်ပေးရန် ညွှန်ကြားသည်။ ထို့ကြောင့် လစာကြပ်သည် စစ်သည်ရဲဘော်များကို တစ်ထိုင်တည်းမှာ ပစ္စည်းနှင့်စာများ ဝေပေးလိုက်သည်။ ထိုအချိန်ထိ တပ်ရင်းမှူးကြီးမေးသော စကားလုံးကို ဖြေသာဖြေခဲ့ပြီး အဓိကကျသော တပ်ရင်းမှူးကြီးလိုချင်သော အဖြေကိုဖြေရန် မတွေးမိပါ။ မစဉ်းစားမိပါ။ ထိုဆရာသည် တပ်ရင်းမှူးကိုလေးစား၍ ဦးစားပေး သတင်းပို့ခဲ့သည်။ သို့သော် တပ်ရင်းမှူးကြီးမိသားစုကိစ္စ၊ အကျိုးအကြောင်းကို မပြောဘဲ တပ်ရင်းမှူးကတော်၏စာကိုပင် အသိမ်းလွန်၍ မေ့ပြီး မပေးမိပါ။ ထိုအခါ တပ်ရင်းမှူးကြီးကလည်း မေးရမှာလည်းခက်၊ ပြောရမှာလည်းရှက်လို့ မမေးဖြစ်နှင့် နေလိုက်တာ၃-၄ရက်ကြာ။ လစာကြပ်လဲ တပ်ကိုပြန်ခါနီး စစ်သည်များ၏ ပြန်စာများကိုတောင်းယူ၍ ပြင်ဆင်တော့မှ သူ့၏ကျောပိုးအိတ်ထဲမှ တပ်ရင်းမှူးကတော် ပေးလိုက်သောစာကို တွေ့တော့သည်။ ထိုအခါမှ လစာကြပ်ဆရာလည်း ဟာ-ဒုက္ခပဲဟု ညည်းတွားရင်းဖြင့် ဘာလုပ်ရမှန်းမသိဖြစ်လေတော့သည်။

အချိန်မှာလည်း တပ်ပြန်ရန် သတင်းပို့ရမည့်အချိန်။ တပ်ရင်းမှူးထံမှ တပ်အတွက် မှာကြားသည်များကိုနာခံရန် တပ်ရင်းမှူးကြီးဆီသို့ ရောက်ခဲ့သည်။ တပ်ရင်းမှူးကြီးကလည်း တပ်အတွက် မှာကြားစရာရှိသည်များကို မှာကြားပြီး အိမ်ကိုပေးရန် စာတစ်စောင်ပေးတော့မှ တပ်ရင်းမှူးကတော်ပေးလိုက်သော စာကိုထုတ်၍ ကျွန်တော်အသိမ်းလွန်၍ မေ့သွားကြောင်း၊ တပ်ရင်းမှူးကြီးကို မရိုသေ၍မဟုတ်ကြောင်း ပြောပြပြီး အိတ်ထဲမှစာကို ထုတ်ပေးလိုက်သည်။ အဲဒီတော့မှ တပ်ရင်းမှူးကြီးက မေ့မှမေ့တတ်ရန်ကောကွာ၊ မင်းမေ့တာ မလွန်ဘူးလား၊ နောက်တော့ သတိလက်လွတ် မဖြစ်ပါစေနဲ့ကွာ။ ဘယ်အရာမဆို သတိထားလွန်းရင်လဲ မကောင်းဘူး၊ သတိမထားပြန်ရင်လဲ မကောင်းဘူး သတိပေးဆုံးမခြင်းဖြင့် တပည့်ကိုအပြစ်မတင်ဘဲ ရင်ထဲမှပူနေသောအပူ အေးသွားလို့လားမသိ၊ ဖြစ်ရတဲ့ဆရာရဲ့အဖြစ်ကိုတွေးပြီး ပြုံး၍ပင် နေရတော့သည်။ ထိုသာဓကမျိုး ရှိခဲ့ဖူးသည်။

ဒါတွေဟာ ကျွန်မတို့၏ဇနီးသားမယားထံမှ စာတစ်စောင်၏ အင်အားပါ။ စိတ်နှလုံးကို အေးမြစေသည့်အတွက်၊ စစ်သည်များအတွက် အားဆေးတစ်ခွက်ဖြစ်ကြောင်းကို သိခဲ့ရသည်။ ကျွန်မတို့ဇနီးသည်များကလည်း မိမိ၏လင်ယောကျ်ားအပေါ်မှာ စာလေးတစ်စောင်ဖြင့် အားဖြည့်ကြရန် လိုအပ်ကြောင်း သတိပေးလိုပါသည်။

**ကျွန်မတို့၏ တပ်ရင်းတစ်ခုစီသည် ပြည်ထောင်စုဖွား တိုင်းရင်းသား မိသားစုများ စုဝေးနေထိုင်ရာ နေရာကလေးများသဖွယ် ဖြစ်နေသည်။ စည်းလုံးခြင်း၏ခွန်အားဖြင့် ကျွန်မတို့ အမျိုးသမီးများ၏ ကဏ္ဍကလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် ရှိနေသည်။**

**ကျွန်မတို့၏ တပ်ရင်းတစ်ခုစီသည် ပြည်ထောင်စုဖွား တိုင်းရင်းသား မိသားစုများ စုဝေးနေထိုင်ရာ နေရာကလေးများသဖွယ် ဖြစ်နေသည်။ စည်းလုံးခြင်း၏ခွန်အားဖြင့် ကျွန်မတို့အမျိုးသမီးများ၏ ကဏ္ဍကလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် ရှိနေသည်။**

ထို့ကြောင့် ကျွန်မတို့ ပါရမီဖြည့်ဖက်များ၊ ညီမငယ်များနှင့်အတူ လက်တွဲမပျက် တပ်အလုပ်များမှန်သမျှ လုပ်ဆောင်သွားကြရမည်။ ကြီးငယ်မဟူ မသိသူ၊ မတတ်သူကို သွန်သင်ပြောပြ သင်ကြားထိန်းသိမ်းလျက် မိသားစုစိတ်ဓာတ်ထားကြရပေမည်။ ကျွန်မတို့ အမျိုးသမီးအများစု၏ အင်အားသည် တပ်မတော်အတွက်၊ မိမိ မိသားစုအတွက်၊ ထို့အပြင် နိုင်ငံတော်အတွက် စွမ်းအားတစ်ရပ်ဖြစ်အောင် ပါရမီဖြည့်ဖက်များ၏ အင်အားများကို စစ်သည်များနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါတက်လှမ်းခြင်းဖြင့် ပြည်ထောင်စုအကျိုးသယ်ပိုးကြပါစို့ဟူ၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုရင်းဖြင့် အတွေ့အကြုံများ ဆင့်ပွားယူနိုင်ရန် စေတနာထား ရေးသားလိုက်ရပါသည်။ စစ်သည်များနှင့် မိသားစုဝင်များအားလုံး စိတ်နှလုံး ချမ်းမြေ့ သာယာရှိကြပါစေ...

မေတ္တာဖြင့်...။ ။

## ကြည့်ရှုစစ်ဆေး

**မတ် ၂၁ရက်က ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်း၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့တို့ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာ နွေစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေး ကြစဉ်။**

(က-ပ)

## ဖျာပုံမြို့ အထက(၃)အာစရိယ ပူဇော်ပွဲ

ဖျာပုံ မတ် ၂၃

**ဖျာပုံမြို့ အမှတ် (၃)၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်အာစရိယပူဇော်ပွဲကို ဧပြီ ၁ရက် နံနက် ၉နာရီတွင် ဖျာပုံမြို့ အထက(၃)၌ ကျင်းပရန် စီစဉ်ထားသည်။**

**ဆက်သွယ်လှူဒါန်းနိုင်**

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ရန်ကုန်မြို့ဒေါက်တာရီရီမြ ဖုန်း-၅၇၂၁၄၇၊ ဒေါ်မြင့်မြင့်သန်းလေး ဖုန်း-၀၉ ၉၉ ၁၁၁၄၊ ဒေါ်စန်းစန်းမော် ဖုန်း-၅၁၁၈၄၈၊ ဦးအောင်ဦး ဖုန်း-၆၈၀၇၅၅၊ ဖျာပုံမြို့အထက(၃)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေ ဖုန်း- ၄၀၃၆၁၊ ဒေါ်မြင့်မြင့်သန်းကြီး ဖုန်း-၄၀၂၃၂၊ ဦးသိန်းဇံ ဖုန်း-၄၀၃၁၈နှင့် ဒေါ်သန်းသန်းဝင်း (သန်းသန်းထမင်းဆိုင်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၇၉)**

မကွေးမြို့နယ် ရွာတော်ကျေးရွာတွင်သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မတ် ၁ ရက်က မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဇော်ဝင်းနှင့်အင်ဂျင်နီယာမှူးဦးစိုင်းရွှေအောင်တို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (က-ပ)

## ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုတွင်ကျင်းပ

တာချီလိတ် မတ် ၂၀

**တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက်၉နာရီက ကျင်းပသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ယုက ကျန်းမာရေးအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် မိုင်းဖုန်း(က)ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံကြီးတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင်ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်တွင် ချောင်းကြီး-ကျောက်ပျဉ်အိုင် ကျောက်ချောလမ်းဖွင့် ငွေကျပ် ၉၆သိန်းကျော် အကုန်အကျခံဆောင်ရွက်ပေး

ညောင်တုန်း မတ် ၂၄

**နှစ် (၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ချောင်းကြီး-ကျောက်ပျဉ်အိုင် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၀ရက်က ကျင်းပရာ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဆန်းဝင်းထွေးနှင့် ချောင်းကြီးကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်တို့က ချောင်းကြီး-ကျောက်ပျဉ်အိုင် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။** (အောက်ပုံ)

အဆိုပါ လမ်းမှာ အကျယ် ၁၀ပေ၊ အရှည်ပေ၅၁၀၀ ရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ၃၄ ဒသမ ၈သိန်းနှင့် နိုင်ငံတော်ထောက်ပံ့ငွေ ၆၁ဒသမ၅သိန်း စုစုပေါင်း ၉၆ဒသမ ၃သိန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့သော လမ်းဖြစ်သည်။

ယင်းလမ်း ဆောင်ရွက်ပြီးစီးမှုကြောင့် ချောင်းကြီး၊ဂန်ချောင်းနှင့်ကံ့ရစ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ကျေးလက်ပြည်သူများ လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးတို့အတွက် ဆက်သွယ်သွားလာမှု အဆင်ပြေ ချောမွေ့ပြီး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ **(ဝ၉၈)**

## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## ကျေးလက်သောက်သုံးရေ ရရှိရေးဆောင်ရွက်

**မြစ်ကြီးနား မတ် ၁၅**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ကြီးကြပ်မှုဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ခွင့်ပြု ရန်ပုံငွေဖြင့် နန်ကျင်ရွာ၊ ဖရောရွာနှင့် မလဲကျေးရွာတို့တွင် ၃ပေ ၆ လက်မ ကွန်ကရစ်ခွေချ ရေတွင်းသုံးတွင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်သည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မြစ်ကြီးနားမြို့နယ် တန်ဖရဲရွာတွင် စိမ့်စမ်းရေသွယ်ရန်နှင့် ၃ ပေ ၆ လက်မ ကွန်ကရစ်ခွေချ ရေတွင်း တူးဖော်ဆောင်ရွက်မည့်ကျေးရွာများကို မတ် ၄ရက်က အမှုဆောင်အရာရှိနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

## ကြီးကြပ်ဆောင်ရွက်

**ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ချောင်းဖြူကျေးရွာတွင် တစ်လက်မခွဲ တွင်းတိမ်တူးဖော်မှုကို ဖေဖော်ဝါရီ၂၃ရက်က အမှုဆောင်အရာရှိ ဦးမြင့်လှိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်

## စပါးဆိပ်ကျေးလက် ကျောက်ချောလမ်းဖွင့်

**ကျောက်တော် မတ် ၃**

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် စပါးဆိပ်ကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးထူးကျော်နှင့် အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ လမ်းမှာ စပါးဆိပ်၊ ညောင်ချောင်း၊မဟာမုနိနှင့် သရက်တပင်ကျေးရွာများမှ ရန်ကုန်-စစ်တွေလမ်းမကြီးသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ပုသိမ်မြို့ ကိုးဆူ-ကျောက်ပုံး ကျေးလက်ကျောက်ချောလမ်းဖွင့်

**ပုသိမ် မတ် ၂၀**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ကိုးဆူ-ကျောက်ပုံး ကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မတ်၁၂ရက်က အဆိုပါမုခ်ဦးရှေ့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဉာဏ်လင်းတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ၂၁၆၀၊ အကျယ် ၁၀ပေရှိပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၂၉၈၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

## ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

**အိမ်မဲ မတ် ၃**

အိမ်မဲမြို့နယ် ထန်းတပင်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်နံနက် ၈နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင်နှင့် ကျေးရွာဥက္ကဋ္ဌဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ မြေနေရာနှင့် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌဦးသိန်းဝင်းက ကျေးလက်ကျန်းမာရေးဌာနခွဲ မြေနေရာနှင့် အဆောက်အအုံသစ်ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာကိုကိုမောင်ထံ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒေါက်တာကိုကိုမောင်နှင့်အဖွဲ့က ကျေးရွာရှိ နာမကျန်းဖြစ်သူများအား အခမဲ့ဆေးဝါးများ ကုသပေးကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်အိမ်ရာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိန်ကန့်လန့်ကျေးရွာမှ ဦးစန်းငွေ၏ ကျေးလက်နေအိမ် ဆောက်လုပ်ပြီးစီးမှုကို မတ် ၁ရက်က အမှုဆောင်အရာရှိ ဦးသီဟထွန်း ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ် စည်ပင်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်

**ရန်ကုန် မတ် ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မတ် ၂၆ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေ၊ နတ်ဝါဆင်းနှင့် အဖွဲ့အား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ **(သတင်း-ရှေ့ဖုံး)** (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့်အနုပညာပြိုင်ပွဲ ပြပွဲ ဖွင့်လှစ်ပွဲအခမ်းအနားတွင် ဗဟိုပြကွက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲ ဖဲကြိုးဖြတ်ဖွင့်လှစ်

**ရန်ကုန် မတ် ၂၆**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✡

# နှစ်(၆၀)ပြည့်တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုလျက် MRTV-4 ရုပ်သံလိုင်းအစီအစဉ်များ တိုးချဲ့ထုတ်လွှင့်မည်

**ရန်ကုန် မတ် ၂၆**

MRTV-4 ရုပ်သံလိုင်းကို မူလထုတ်လွှင့်သည့် စနစ်ထက် အရည်အသွေး ပိုမိုကောင်းမွန်သော Digital စနစ်ဖြင့် ရန်ကုန်မြို့တွင် တိုးချဲ့ထုတ်လွှင့်မည်ဖြစ်ရာ ဈေးနှုန်းသက်သာပြီး သာမန်အင်တင်နာဖြင့် လွယ်ကူစွာ ဖမ်းယူနိုင်သော Family Digital Receiver ဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်။ ယင်းသို့ထုတ်လွှင့်ရာတွင် MRTV-4 အစီအစဉ်များအပြင် MRTV, MRTV-3 နှင့် ရုပ်ရှင်၊ ကာတွန်း ဖျော်ဖြေရေး အစီအစဉ်များကိုလည်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။

Family Digital Receiver များကို ဝယ်ယူကြည့်ရှုလိုသူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Family Entertainment ဖုန်း-၀၁-၅၃၅၁၆၄၊ ၀၁-၅၀၅၇၃၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြန်မာ့အလင်း**

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု**

- ❐ အစဉ်ထာဝရ ရှင်သန်နေမည့် တပ်မတော်၏ စေတနာပန်းများ — မောင်ငြိမ်းချမ်း၏ ဆောင်းပါး (စာ-၈၉)
- ❐ ပါရမီဖြည့်ဖက်များ၏စွမ်းအား — မန်းခင်ခင်၏ ဆောင်းပါး (စာ-၁၅)
- ❐ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စုပေါင်းစွမ်းပကားဖြင့် အထင်အရှား ပေါ်ထွက်လာသော နိုင်ငံ့ဂုဏ်ဆောင်တံတားကြီး သံလွင်တံတား(မော်လမြိုင်) — တက္ကသိုလ်မောင်သုလှိုင်၏ ဆောင်းပါး (အထူးထုတ်-ဃ၊ခ၊ဂ)
- ❐ နှစ်(၆၀)ပြည့် တပ်မတော်နေ့ — မြင်းမူမောင်နိုင်မိုး၏ ကဗျာ (အထူးထုတ်-ဂ)

## တပ်မတော်နေ့ဂုဏ်ပြု အချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ်သတင်းစာတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု အထူးထုတ်ရောင်စုံ အချပ်ပို လေးမျက်နှာ ပူးတွဲပါရှိပါသည်။